ကွင်းပေါက်ကြီးကျေးရွာ

ပုသိမ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွင်းပေါက်ကြီးကျေးရွာ၊ ပုသိမ်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၃၀ - ၃၁) ရက်

# မာတိကာ


မာတိကာ

**အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ၁**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၁

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၁

ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၄

ဇယား ၄ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၅

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ ၆

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၇

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၇

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၈

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု ၉

**အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ ၁၁**

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၁၁

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၁၂

ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၁၂

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၁၃

ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း ၁၄

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၁၆

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ ၁၆

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၁၇

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ ၁၈

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၁၉

ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ ၁၉

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ ၂၁

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ ၂၃

ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၂၄

ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း ၂၅

ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ ၂၆

ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ ၂၇

ဇယား ၂၇ ပညာရေး နှင့် စာတတ်မြောက်မှု ၂၈
ဇယား ၂၈ ကျောင်းတက်နှုန်း ၂၈
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု ၂၉
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ ၃၀
ဇယား ၃၁ အဖြစ်များသော ရောဂါများ ၃၁
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ ၃၁
ဇယား ၃၃ သောက်သုံးရေ ရရှိမှု ၃၂
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ ၃၃
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ ၃၄
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၃၄
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ ၃၅
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ ၃၅
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ ၃၅
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၃၆
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု ၃၆
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ ၃၇
**အခန်း (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၃၈**
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ ၃၈
ဇယား ၄၄ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၄၂
**အခန်း (၄) ဦးစားပေးစီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် ကာလ ၄၅**
ဇယား ၄၅ (က) ဦးစားပေး စီမံကိန်းများ ၄၅
ဇယား ၄၅ (ခ) စီမံကိန်း ကာလ ၄၈
ဇယား ၄၅ (ဂ) ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၄၉
**အခန်း (၅) ဖွံ့ဖြိုးရေးကွင်းဆက် ၅၀**
ဇယား ၄၆ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၅၀

## အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### ၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၀ | ၅ | ၅ | ၂ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၆ | ၁၂ | ၁၈ | ၅ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၁၁ | ၁၀ | ၂၁ | ၆ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၂ | ၅ | ၇ | ၂ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၁၄၈ | ၁၄၉ | ၂၉၇ | ၈၄ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၃ | ၁ | ၄ | ၁ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၁၇၀** | **၁၈၂** | **၃၅၂** | **၁၀၀** | |
| **အိမ်ထောင်စုပေါင်း = ၁၀၅** | | **၃.၃၅ ဦး / အိမ်ထောင်စု** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီးကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေသည် တစ်ရွာလုံး၏ (၈၄) ရာခိုင်နှုန်းခန့် ရှိသည့်အတွက် လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုအတွက် အားထားနိုင်သည့် လူအရေအတွက် များပြားသည့် ကျေးရွာ ဖြစ်ပါသည်။ အသက် (၁) နှစ်မှ အသက်(၁၄) နှစ်အထိ စုစုပေါင်း လူဦးရေ အရေအတွက်သည် အလွန် နည်းပါးသည့် အတွက် လာမည့် အနာဂတ် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဝင်ငွေရအလုပ်များကို လုပ်ကိုင်မည့် လူဦး ရေ နည်းပါးမည့် အခြေအနေများနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ယခုနှစ်ကောက်ယူခဲ့သည့် ကိန်းဂဏန်းများ၏ ဖော်ပြချက်များအရ အိမ်ထောင်စုခြောက်စုလျှင် ပျမ်းမျှ အသက်(၁)နှစ်မှ(၁၄)နှစ်အထိ ကလေး၊ လူငယ် (၁) ဦး နှုန်းသာ ရှိနေပါသည်။

### ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၂ | ၅၀ | ၀ | လယ်- ၅၀ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၅ | ၁၄.၂၈ | ၀ | စိုက်ပျိုးရာသီတွင် ကျေးရွာ၏ လယ်လုပ်ငန်းတွင် လုပ်ကိုင်ကြပြီး ရာသီပြင်ပတွင် ကျဘမ်း အလုပ်ကို လုပ်ကိုင်ကြသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | ***တိရစ္ဆာန် မွေးမြူရေး*** | | | | |

| | | | | | |
|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ၄ဝ | တပိုင်တနိုင် မွေးမြူကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ၃ | အသေးစားငါးဖမ်းလုပ်ငန်း ဖြစ်ပါသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၅ | *ထုတ်ကုန်လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ဝ.၉၅ | ၂ | ဟာလဝါ လုပ်ငန်း - ၁၊ ဆန်စက် - ၂ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ဝ.၉၅ | ဝ | ပန်းရံလုပ်ငန်း - ၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ဝ.၉၅ | ဝ | ဆံသဆိုင် - ၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၁၁.၄၃ | ၀ | ဈေးဆိုင် - ၅၊ သီးနှံထွက်ကုန် အရောင်းအဝယ် - ၇ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၉၀ | ၀ | လက်ဖက်ရည်ဆိုင် - ၂ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၉၅ | ၀ | ကျောင်းဆရာမ - ၁ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |

| | | | | | |
|---|---|---|---|---|---|
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၀ | ၁၉.၀ | ၄၀ | ကျဘမ်းလုပ်သားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းအပေါ် အဓိကမှီခိုနေရပြီးလုပ်ငန်းချိန်ပြီးဆုံးပါက ပုသိမ်မြို့တွင် လမ်းပြုပြင်သည့်အလုပ်များ၊ ငါးရှဉ့်မြုံးထောင်ခြင်း၊ ပန်းရံ-လက်သမားအစရှိသည်တို့ကိုကြုံရာလုပ်ကိုင် ကြရသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၁၀၅** | **၁၀၀** | **၈၅** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်သမား မိသားစုများသည် ကျေးရွာအိမ်ထောင်စု၏ (၅၀) ရာခိုင်နှုန်းခန့် ရှိသည့် အတွက် လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်သည့် ကျေးရွာ ဖြစ်ပါသည်။ ကျဘမ်း မိသားစုများသည် အိမ်ထောင်စု အားလုံး၏ (၃၃) ရာခိုင်နှုန်း ရှိနေသဖြင့် အခြားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများ မရှိသောကြောင့် စီးပွားရေး ဖွံ့ဖြိုးရန် များစွာအချိန်ယူ ဆောင်ရွက်ရမည့် ကျေးရွာ တစ်ရွာ ဖြစ်ပါသည်။

## ၁.၃ သဘာဝ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)** | **ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၅၁၉ | သင့် | မရ | ကွင်းပေါက်ကြီးချောင်း၊ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| | | | | လက်ပံ-စံနုတ်တူးမြောင်း (၅၁၉ ဧက) |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ရွှေ့ပြောင်း တောင်ယာ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | မရှိ | | | |
| အခြား(ရာဘာ) | | | | |
| **စုစုပေါင်း** | **၅၁၉** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။** ။ရေရှိသည့် နေရာ အမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ။

ကွင်းပေါက်ကြီးကျေးရွာတွင် လယ်မြေဧက (၅၁၉) ဧက ရှိပြီး သွင်းရေကို ကွင်းပေါက်ကြီးချောင်း နှင့် လက်ပံ-စံနုတ်တူးမြောင်းတို့မှ ရေတင် စိုက်ပျိုးကြပါသည်။ လယ်လုပ်၍ မရသော ဥယျာဉ်ခြံမြေ အနည်းငယ်တွင် ကွမ်းစိုက်ပျိုးကြသည်။

## ၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ |
| အခြား | အခြား | မရှိ |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | တိရစ္ဆာန်မျိုးစိတ်များ | မရှိ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) ရဲယို၊ ခွေးသေးပန်း | ဆေးဘက်ဝင် အပင်မျိုးစိတ်များ (ဘုန်းမသိမ်၊ ဂျာမနီ၊ ဇကရာဇ်၊ခွေးသေးပန်း) | များ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီးကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။

သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ ဂျာမနီ၊ ဧကရာဇ်၊ ခွေးသေးပန်း စသည့်တို့ ပေါက်ရောက် သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသ တစ်ခုလည်း ဖြစ်ပါသည်။

ဘုန်းမသိမ်၊ ခွေးသေးပန်းနှင့် ဂျာမနီရွက်ကို ချောင်းဆိုး၊ရင်ကြပ်၊ ဧကရာဇ်ကို အမူးမော ရောဂါ များအတွက် အသုံးပြုကြပါသည်။ ကျေးရွာသူကျေးရွာသားများသည် အထက်ဖော်ပြပါ ဆေးဖက် ဝင် အပင်များကို ကျေးရွာအတွင်းမှ ပေါပေါများများ အလွယ်တကူ ရရှိကြပါသည်။

## ၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲ ေသာ အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | လယ်ဧက(၂၀) နှင့် အထက် | လယ်ဧက(၁၀)နှင့် ( ၂၀ )အကြား | လယ်ဧက(၁၀) ဧကအောက် | လယ်မရှိ |
| အိမ်အခြေအနေ | ပျဉ်ထောင်အိမ် သွပ်မိုး | ဓနိမိုး၊ပျဉ်ခင်း | ဓနိမိုး၊ဓနိကာ၊ ပျဉ်ကာ | ဓနိမိုး၊ကြမ်းခင်း |
| လုပ်ငန်းသုံးကိရိယ ာ ပိုင်ဆိုင်မှု | လက်တွန်းထွန် စက်၊ ရိတ်သိမ်း စက်၊ခြွေလှေ့စက် ၊မြက်ရိတ်စက်၊ | ခြွေလှေ့စက်၊ လက်တွန်းထွန်စက် | လက်တွန်းထွန် စက်၊ နွား | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆန်စက်၊ ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | ပိုလျှံ | အသင့်အတင့် | နည်း | မရှိ |
| အခြားပိုင်ဆိုင်မှု | | ဈေးရောင်း | | ဝက်၊ကြက်၊ဘဲ၊ (ရေလုပ်ငန်း လုပ်ကိုင်) |
| **၁၀၅ အိမ်ထောင်စု** | **၆ (၆%)** | **၂၀ (၁၉%)** | **၃၇ (၃၅%)** | **၄၂ (၄၀%)** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (က-အဆင့်) အရေအတွက်သည် (၆) အိမ်ထောင်စု၊ (ခ) အဆင့် အိမ်ထောင်စုသည်(၂၀) စု၊ (ဂ) အဆင့် အိမ်ထောင်စု (၃၇) စု နှင့် (ဃ) အဆင့် သည် (၄၂) အိမ်ထောင်စု ရှိပါသည်။ ကျေးရွာလူထုမှ သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီ

သော အိမ်ထောင်စုများ ဖြစ်ကြောင်းကို ကျေးရွာလူထုအစည်းအဝေးတွင် သတ်မှတ် အတည်ပြု ထားခဲ့ပါသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၄ | ၅.၀၆ | ဆိုင်များတွင် အကြွေးယူပြီး လုပ်အားခ ဖြင့် ပြန်ဆပ်ပါသည်။ |
| ၃ လနှင့် ၅ လ အထိ | ၂၄ | ၃၀.၃၈ | ဆိုင်များတွင် အကြွေးယူပြီး လုပ်အားခဖြင့် ပြန်ဆပ် ပါသည်။ |
| ၆လ မှ ၁၂ လ အထိ | ၅၁ | ၆၄.၅၆ | အလုပ်လုပ်၍ ရလာသော လုပ်ခဖြင့် ပြေလည်အောင် ဖြေရှင်းသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ နှင့် စားနပ်ရိက္ခာ ဖူလုံမှုနှင့် အကြွေးတင်ရှိမှု စစ်တမ်း ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀ နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၀ | ၂ | ၂ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိ | ၀ | ၀ | ၀ |
| | | **အိမ်ထောင်စု အရေ အတွက်** | | |
| အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၁၄ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | ၃ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင် လုပ်ကိုင်နေသူ | ၂ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

သက်ကြီးရွယ်အို (၆၀) နှင့်အထက် မိသားစု စောင့်ရှောက်မှု မရှိသည့် အမျိုးသမီး (၂) ဦး ရှိပြီး ကျေးရွာမှ စောင့်ရှောက်မှု ပြုထားရပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁၄)စု ရှိပါသည်။ ထို့အပြင် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် ဦး

ဆောင်သည့် အိမ်ထောင်စု (၃) စု ရှိပါသည်။ အခြားဒေသသို့ သွားရောက် လုပ်ကိုင်နေသည့် ဆင်းရဲသော အိမ်ထောင်စု (၂) စု ရှိပါသည်။

### ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | စပါးစိုက်ပျိုးသူ လယ်သမား ထက်ဝက် ခန့် ရှိခြင်း၊တစ်အိမ်နှင့်တစ်အိမ်မှာ ဆွေမျိုးနီးစပ်များသာ ဖြစ်ခြင်းတို့ကြောင့် ထိခိုက်နိုင်မှု မမြင့်မားပါ။ |
| ၂ | သဘာဝ အရင်းအမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | ကျေးရွာအိမ်ထောင်စု နှင့် နှိုင်းယှဉ်လျှင် အရင်းအမြစ်မှာ အသင့်အတင့်သာ ဖြစ်သည်။ အရင်းအမြစ်ပေါ်တွင်မှီခို၍ ရသည်။ |
| ၃ | ရေကြီးခြင်း | မြင့် | ပုံမှန်မိုးရာသီတွင် လယ်မြေများ ရေကြီးနစ်မြုပ်ခြင်း နှင့် မိုးရွာသွန်းမှုများသော နှစ်များတွင် စပါးခင်းများ ဆိုးဝါးစွာ ပျက်စီးသည်။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မရှိပါ။ |
| ၅ | မုန်တိုင်း | လတ် | အပျက်အစီး အထိအခိုက် နည်းပါသော်လည်း မြေပြန့်လွင်ပြင်ဖြစ်၍ ထိခိုက်နိုင်ခြေ မြင့်မားသည်။ |
| ၆ | ငလျင် | နိမ့် | ကြုံတွေ့ခဲ့ဖူးခြင်း မရှိပါ။ |
| ၇ | မီးဘေး | နိမ့် | နွေရာသီတွင် ကြိုတင်ကာကွယ်သည့် စနစ်များ ကျင့်သုံးကြသည်။ |
| ၈ | ဆားငန်ရေဝင်မြေ | နိမ့် | နွေစပါးတွင်နောက်ကျသော အခင်းများသာ သွင်းရေကြောင့်ထိခိုက်မှုအနည်းငယ်ရှိသည် |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် | မရှိပါ။ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် | သစ်တောမရှိပါ။ |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | ဖြစ်ပွားသည့် လူနာမရှိပါ။ |
| ၁၂ | တီဘီရောဂါ | နိမ့် | ယခင်က ရှိခဲ့ဖူးသော်လည်း ဆေးပုံမှန်သောက်၍ ပျောက်ကင်းသွားပြီ ဖြစ်သည်။ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှု ရောဂါ | နိမ့် | မရှိပါ။ |
| ၁၄ | ပြည်တွင်းနေရပ် စွန့်ခွါ ရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | မိသားစု၊ဆွေမျိုးများနေထိုင်ရာကျေးရွာဖြစ်၍ မဖြစ်ဖူးပါ။ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည် | နိမ့် | ပုသိမ်မြို့နှင့် (၈) မိုင်ခန့်သာ ကွာဝေးပြီး ဆိုင်ကယ်များဖြင့်ရာသီမရွေးသွားလာနိုင်သည်။ |
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ် ထောင်စု | နိမ့် | မိသားစု၊ ဆွေမျိုးများစုပေါင်း နေထိုင်သည့်ကျေးရွာ ဖြစ်၍ ဝိုင်းဝန်းပံ့ပိုး ကူညီကြပါသည်။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | မိသားစု၊ ဆွေမျိုးများစုပေါင်း နေထိုင်သည့်ကျေးရွာ ဖြစ်၍ ဝိုင်းဝန်းပံ့ပိုး ကူညီကြပါသည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ | လတ် | ရေကြီးမှုသည် သာမန်ရာသီများထက် ပြင်းထန်ပါက အိမ်ထောင်စု (၁၅) စု ခန့် ကြုံတွေ့ ရနိုင်ပါသည်။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | လတ် | ရွာသည် ချောင်းနားဝန်းကျင်တွင်တည်ရှိခြင်းကြောင့် ရေဘေးအန္တရာယ် နှင့် ကြုံတွေ့ရပါက အားလုံး ရင်ဆိုင်ရနိုင်သည်။ |
| ၆ | မတော်မဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | နိမ့် | မရှိပါ။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | နိမ့် | မရှိပါ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | ရွာသည် ချောင်းနားဝန်းကျင်တွင်တည်ရှိခြင်းကြောင့် ရေဘေးအန္တရာယ် နှင့် ကြုံတွေ့ရပါက အားလုံး ရင်ဆိုင်ရ နိုင် သည်။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ငါးမွေးမြူရေးကန် ဖြင့် အသက်မွေး လုပ်ကိုင်သူ မရှိပါ။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | သဘာဝဘေးအန္တရယ် များနှင့် ကြုံတွေ့သည့်အခါ ပြန်လည် ထူထောင်ရန်အတွက် အခက်အခဲများ ကြုံတွေ့ ရနိုင်သည်။ |
| ၁၁ | လူနည်းစု လူမျိုးများ | နိမ့် | မရှိပါ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာ | နိမ့် | မရှိပါ။ |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | မရှိပါ။ |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | မရှိပါ။ |
| ၁၅ | ဆေးစွဲသူများ | နိမ်  | မရှိပါ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူမ ျား | နိမ့် | မရှိပါ။ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ် | မရှိပါ။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | မရှိပါ။ |
| ၁၉ | ကားသမား | | |
| ၂၀ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီး ကျေးရွာသည် မိသားစု၊ ဆွေမျိုးများဖြင့်သာ ရွာတည်ထားသောကြောင့် စုစည်း ညီညွတ်မှု ရှိပါ သည်။ ဘေးအန္တရာယ် တစ်ခုခု ကြုံလာပါက စုပေါင်းဖြေရှင်းသည့် အလေ့အထ ရှိသောကြောင့် ဆိုးဆိုးရွားရွား ထိခိုက်မှု မရှိခဲ့သည်ကို တွေ့ရပါသည်။ သို့သော်လည်း ငွေကြေး အရင်း အနှီး မဖူလုံသော ဆင်းရဲသား တောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ ရေဘေးနှင့် ကြုံတွေ့ လာလျှင် အနိမ့်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စု (၁၅) စုခန့် ကြုံတွေ့ရနိုင်သည်။

## အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဖွံ့/ထောက်အဖွဲ့ | ၂ | ၅ | ၀ | ၅ | ဖွံ့ဖြိုးရေး | ၅ | ၆ |
| ၂ | လယ်/စီ အဖွဲ့ | ၂ | ၅ | ၀ | ၅ | မြေယာကိစ္စ | ၅ | ၆ |
| ၃ | မိဘဆရာအသင်း | ၂ | ၆ | ၉ | ၁၅ | ပညာရေး | ၄ | ၆ |
| ၄ | ရပ်မိ၊ ရပ်ဖ အဖွဲ့ | ၂ | ၅ | ၀ | ၅ | သာရေးနာရေး | ၄ | ၆ |
| ၅ | ဂေါပက အဖွဲ့ | ၃ | ၆ | ၀ | ၆ | ဘာသာရေး | ၄ | ၆ |
| ၆ | အမျိုးသမီးရေးရာ/ မိခင်ကလေး | ၂ | ၀ | ၇ | ၄ | အမျိုးသမီး ကိစ္စရပ်များ | ၅ | ၇ |
| ၇ | လူငယ်အဖွဲ့ | ၂ | ၃၀ | ၃၀ | ၆၀ | သာရေးနာရေး | ၄ | ၆ |
| ၈ | ပြည်သူ့စစ် အဖွဲ့ | ၂ | ၃၀ | ၀ | ၃၀ | ဘာသာရေး | ၄ | ၈ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ ခုနှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှု အခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

### ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄)ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## ၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၂ | ၅၀ | မြေယာမဲ့၊ အရောင်း အဝယ်သမားများ |
| ၂ | ၂.၅ ဧကအောက် (၁ ဟတ် တာထိ) | ၂ | ၂ | တောင်သူငယ် |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၁၆ | ၁၅ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟတ်တာ ထိ) | ၂၁ | ၂၀ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် (၅ ဟတ်တာ နှင့် အထက်) | ၁၄ | ၁၃ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၀၅** | **၁၀၀** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော

သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်မြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏ (၅၀%) ခန့် ရှိ၍ စပါး စိုက်ပျိုး ထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အများဆုံး ဧက(၃၀) အထိ ပိုင်ဆိုင်မှုများရှိသော တောင်သူကြီးများလည်း ရှိပါသည်။ ဆင်းရဲသား ကျဘမ်း မိသားစုများသည် လယ်ယာ လုပ်ငန်းခွင်တွင် နေ့စားလုပ်သားများအဖြစ် ဝင်ရောက် လုပ်ကိုင်ကြခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေပါသည်။ စပါးအခြေခံ ထုတ်လုပ်မှု အဆင့်ဆင့် (ဆန်ကြိတ်ခွဲမှု၊ အရောင်းအဝယ် စသည်) တွင်လည်း ဝင်ရောက်လုပ်ကိုင်နိုင် ကြပါသည်။

### ၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | |
| ၂ | ရေလွှဲဆည် | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | |
| ၄ | ဆည်မြောင်း | | | |
| ၅ | အဝီစိတွင်း | | | |
| ၆ | လက်ငင် ရေတွင်း | | | |
| ၇ | စိမ့်စမ်းရေ | | | |
| ၈ | ချောင်းရေ | | ၄၈၆ | တစ်နှစ်ပတ်လုံး ရရှိ နိုင်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

သွင်းရေကို ကွင်းပေါက်ကြီးချောင်းနှင့် လက်ပံ-စံနုတ်တူးမြောင်းတို့မှ သွင်းယူကြပါသည်။ မိုးစပါး ရိတ်သိမ်းချိန် နောက်ကျသည့် လယ်မြေများတွင် အကျိုးဆက်အားဖြင့် နွေစပါး ရိတ်သိမ်း ချိန်လည်း နောက်ကျသွားသဖြင့် သွင်းရေတွင် ရေငန်ဓာတ်များ ပါဝင်မှုရှိလာပြီး စပါးအထွက်ကို လျော့နည်းစေပါသည်။

နွေစပါးစိုက်ပျိုးရန် အတွက် ပြင်ဆင်ချိန် တစ်လအတွင်း အမြန်ပြီးစီးအောင် လယ်သမားများသည် အလျင်အမြန် ကြိုးစားကြရသည်။

လက်ရှိတွင် ကွင်းပေါက်ကြီးချောင်းနှင့် လက်ပံ-စံနုတ်တူးမြောင်းတို့မှ သွင်းရေ ရရှိသော်လည်း လက်ပံ-စံနုတ်တူးမြောင်းမှာ တိမ်ကောလာသဖြင့် စပါးအောင်ရေတင်ရာတွင် မလုံလောက်ခြင်းနှင့် ရေထရက်များကို ချိန်ဆ၍ ရေတင်ရခြင်းတို့ ကြုံတွေ့လာရသည်။ ထို့ကြောင့် လက်ပံ-စံနုတ်တူးမြောင်းအား ပြန်လည်တူးဖော်မည် ဆိုပါက အဆိုပါ အခက်အခဲများမှ ကင်းဝေးလာပြီး စပါး အထွက်နှုန်းများ တိုးမြှင့်ရရှိလာပါမည်။

## ၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| ရာသီစပါး (မိုး) | ၂၈၆ | တင်း | ၃၀ | ၅၀ | ၄၀ | ဇူလိုင် | မြင့် | နည်း | |
| အထွက်ကောင်းစပါး (မိုး) | ၂၀၀ | တင်း | ၅၀ | ၆၀ | ၅၅ | ဇူလိုင် | မြင့် | နည်း | |
| စပါး (နွေ) | ၄၈၆ | တင်း | ၈၀ | ၆၀ | ၇၀ | ဒီဇင်ဘာ | မြင့် | လတ် | |
| ကွမ်း | ၂ | တိုင် | | | | နိုဝင်ဘာ | မြင့် | လတ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီ စိုက်ပျိုးရာတွင် ဧက (၂၈၀) ခန့်မှာ ရေနက်ကွင်းများဖြစ်၍ ရေနစ်ဒဏ်ခံနိုင်သော ဧရာဝတီ၊ ဖျာပုံပေါ်ဆန်းရင်၊ ရွှေသွယ်ရင် နှင့် နှံကားမြီးကောက် စသော ရာသီစပါးများကိုသာ စိုက်ပျိုးနိုင်သည်။ အနည်းငယ် ပိုမြင့်သော နေရာများတွင်ရှိသည့် ကျန်ဧက (၂၀၀) ခန့်မှာ အထွက်ကောင်းမျိုး ဖြစ်သည့် ဆင်းသုခ နှင့် မျိုးပွားမျိုးကို ထည့်သွင်း စိုက်ပျိုးကြပါသည်။

ကွင်းပေါက်ကြီး ကျေးရွာအုပ်စု၏ အထက်ဘက်တွင် လက်ပံအုပ်စု လယ်များနှင့် ကြောင်ပန်းကုန်းအုပ်စု လယ်များမှာ ဆက်စပ်နေပါသည်။ အုပ်စု (၃) စုတွင် ကွင်းပေါက်ကြီးအုပ်စု လယ်များမှာ အနိမ့်ဆုံးအပိုင်းတွင် ရှိခြင်းကြောင့် စီးဆင်းလာသော ရေများသည် ကွင်းပေါက်ကြီး လယ်မြေများတွင် သွားရောက်စုပုံကာ စပါးများ ပျက်စီးကြရပါသည်။ ပုသိမ်-ငွေဆောင် ကားလမ်းပေါ်တွင်ရှိသော ကွင်းပေါက်ကြီးတံတားမှ <u>ထိန်တန်းကျေးရွာ (ဝဲကလိုင်) အထိ ရေနုတ်မြောင်း ဖောက်နိုင်မည်ဆိုလျှင် ရေထုတ်အားကောင်းပြီး ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။</u>

ဓာတ်မြေဩဇာ ထည့်သွင်းခြင်းကို ယူရီးယား (၁.၅) အိတ်၊ တီစူပါ (၁.၅) အိတ် ထည့်သွင်းကြပါသည်။ ပိုတက်မြေဩဇာကိုမူ ပြည့်စုံသော လယ်သမား (၁၀) ဦး ခန့်သာ ထည့်သွင်းနိုင်ပါသည်။ ကောက်စိုက်ခမှာ လူတစ်ယောက်လျှင် တစ်နေ့ (၃၅၀၀) ကျပ်ဖြင့် ငှားရမ်းရပါသည်။ တစ်ဧကလျှင် အနည်းဆုံး (၁၅) ဦးမှ (၂၀) ဦး အထိ ကောက်စိုက်ရန် ငှားရမ်းရပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ပံ့ပိုးသော ချေးငွေမှာ မြေပြင်စရိတ် နှင့် စိုက်စရိတ်အထိ အထောက်အကူ ပြုပါသည်။

သို့သော် ဓာတ်မြေဩဇာ နှင့် ရိတ်သိမ်းစရိတ် တို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေဩဇာ အရောင်းဆိုင်များမှ အတိုးနှုန်း (၃) ကျပ် နှင့် အလွတ်ချေးငွေအတွက် (၅) ကျပ်နှုန်းအထိ ချေးယူရပါသည်။

လယ်ယာလုပ်ငန်းအတွက် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိပါသည်။ သို့သော်လည်း ချေးငွေပမာဏကို တစ်ဧကမှ တစ်ဆယ်ဧက အထိသာ သတ်မှတ်ထားခြင်းကြောင့် လယ်ဧကများသော လယ်သမားများမှာ အရင်းအနှီးအတွက် အခက်ကြုံ ရပါသည်။ ထို့အပြင် ချေးငွေကာလကို ကာလတို သတ်မှတ်ထားခြင်းကြောင့် စပါးပေါ်သည်နှင့် အချိန်ကြာကြာ လှောင်ထားနိုင်ခြင်း မရှိပဲ စပါးထွက်ချိန်တွင် ပုံမှန်ကျဆင်းနေသော စပါးဈေးနှုန်းဖြင့် အမြန် ထုတ်ရောင်းရသောကြောင့် များစွာ နစ်နာမှု ရှိပါသည်။

နွေစပါးတွင်မူ မြေပြုပြင်ချိန် တိုတောင်းခြင်းနှင့် ရာသီချိန်တို တောင်းလွန်းခြင်းကြောင့် လယ်သမားများ အားလုံး ကြဲခင်းသာ ပြုလုပ်ကြပါသည်။ နွေစပါးစိုက်ချိန် နောက်ကျသည့် လယ်များတွင် နောက်ပိုင်း ရေသွင်းရသည့် အကြိမ်များတွင် ရေငန် နှင့် ကြုံတွေ့ရသဖြင့်  များစွာ ထိခိုက်စေပါသည်။ နွေစပါးတွင် စိုက်ပျိုးချိန်နောက်ကျသော အခင်းများတွင် ဧပြီလလယ် မိုးများကြောင့် အချိန်မှီ ရိတ်သိမ်းနိုင်ခြင်းမရှိပဲ ဆုံးရှုံးမှုများနှင့် ကြုံရပါသည်။ ထို့ကြောင့် <u>အချိန်တိုအတွင်း ရိတ်သိမ်းနိုင်မည့် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းနိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များ နှင့် ချိတ်ဆက် ဆောင်ရွက်လျှင် အဆိုပါအခက်အခဲများ ကျော်လွှား</u> သွားနိုင်မည် ဖြစ်သည်။

နွေစပါးတွင် သီးထပ်ရင်၊ ရေဆင်း၊ မနောသုခ (မျိုးပွား) နှင့် ဆင်းသုခမျိုးများကို စိုက်ပျိုးကြသည်။ နွေစပါး အတွက် သွင်းရေကို ကွင်းပေါက်ကြီးချောင်း မှတဆင့် လက်ပံ-စံနုတ်တူးမြောင်းမှ သွယ်ယူစိုက်ပျိုးကြပါသည်။ နွေစပါးဧက အားလုံးအတွက် လုံလောက်မှုရှိသော်လည်း တူးမြောင်းတိမ်ကောလာခြင်းကြောင့် လယ်သမားများသည် ရေကို အချိန်ကြာကြာ စောင့်ဆိုင်း၍ တင်ရခြင်းကြောင့် အခက်အခဲများ ဖြစ်ကြပါသည်။ အဆိုပါ <u>တူးမြောင်းကို (၁၅ ပေအကျယ်၊ ၆ ပေအနက်၊ ၇၀၀၀ ပေအရှည်) ပြန်လည်တူးဖော်မည်ဆိုလျှင် သွင်းရေ လုံလောက် လာမည် ဖြစ်ပါသည်။</u>

နွေစပါးတွင် ယူရီးယား(၂-၂.၅) အိတ်နှုန်း၊ တီစူပါ (၁) အိတ်နှုန်း ထည့်သွင်းကြပါသည်။ စိုက်ပျိုးနည်းပညာများကို စနစ်တကျ ကျင့်သုံးလိုက်နာမှု နှင့် ပိုးမွှားရောဂါအား နည်းစနစ်ကျကျ ကာကွယ်မှုများ အားနည်းနေသည်ကို ဆွေးနွေးချက်များအရ သိရှိရပါသည်။

ကွမ်းရွက်ကို အိမ်ထောင်စု (၂၀) ခန့် စိုက်ပျိုးကြပြီး ပျမ်းမျှ တိုင်အရေအတွက် (၁၀၀၀ မှ ၁၅၀၀) အထိ စိုက်ပျိုးကြပါသည်။ ရေကြီးချိန်လွန်ကာလဖြစ်သော နိုဝင်ဘာလလောက်မှ စတင်စိုက်ပျိုးကြသည်။ အခြားဒေသများကဲ့သို့ အရွက်ရောင်းချရန်အတွက် မဟုတ်ပဲ ကွမ်းညွန့်ရောင်းချရန်သာ ရည်ရွယ် စိုက်ပျိုးကြသည်။ တစ်လလျှင် တစ်ကြိမ်ခန့် ကွမ်းညွန့်ဖြတ်ရောင်းချကြပြီး ကွမ်းစိုက်ခင်း တစ်ခုလျှင် (၄-၅) ကြိမ်ခန့် ဖြတ်ရောင်း ရပါသည်။ ကွမ်းညွန့်တစ်ညွန့်လျှင် (၄၀) ကျပ်ခန့် ရရှိပါသည်။ ကွမ်းစိုက်ခင်း အတော်များများသည် (၇-၈) လ ခန့်သာ ကြာမြင့်ပြီး မိုးရာသီရောက်သည်နှင့်တပြိုင်နက် ရေကြီးနစ်မြုပ်ခြင်းကြောင့် ကွမ်းပင်များ သေဆုံးသွားကြသဖြင့် တစ်ရာသီစာ

သာ ရည်ရွယ် စိုက်ပျိုးရပါသည်။ ကွမ်းသည် အကျိုးအမြတ် ဖြစ်ထွန်းသော်လည်း ကွမ်းစိုက်ပျိုးနိုင်ရန် မြေဖို့ (ဘောင်အမြင့်)၍ စိုက်ပျိုးရသဖြင့် ရင်းနှီးစရိတ် ကြီးမြင့်ပြီး အများစုမှာ စိုက်ပျိုးနိုင်ခြင်း မရှိပေ။ ကွမ်းတွင် ဆီစွန်း ရောဂါကဲ့သို့သော ရောဂါများ ကျရောက်မှု ပြင်းထန်ပါသည်။

၎င်းအပြင် ငရုတ်သီးကို မိသားစု (၁၅) စုခန့် စိုက်ပျိုးကြပါသည်။ ဆောင်းသီးနှံအဖြစ် လယ်မြေများတွင် စိုက်ပျိုးကြပြီး အများဆုံး (၀.၁၀) ဧက ခန့်သာ စိုက်ပျိုးကြသည်။ (၀.၁၀) ဧကလျှင် ငရုတ်အခြောက် ပိဿာ (၁၀၀) ခန့် ရောင်းချနိုင်ပြီး ဈေးနှုန်းမှာ တစ်ပိဿာ (၃၀၀၀) ကျပ်ခန့် ရရှိပါသည်။ အကျိုးအမြတ် ဖြစ်ထွန်းသော သီးနှံတစ်ခု ဖြစ်သည်။

### ၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | | | |
| ရိတ်သိမ်းစက် | | | |
| လက်တွန်းထွန်စက် | ၅ | | |
| ခြွေလှေ့စက် | | | |
| ရေစုပ်စက် | ၃၈ | | |
| ခြေနင်းရေတင်စက် | | | |
| မျိုးစေ့ချစက် | | | |
| မြက်ရိတ်စက် | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်ယာလုပ်ငန်းတွင် ကျွဲ၊ နွားသုံးစွဲမှု မရှိတော့သလောက် အခြေအနေဖြစ်ပြီး ဧကများသော တောင်သူကြီး၊ တောင်သူလတ်များသည် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ ထို့အပြင် ရေစုပ်စက်များကိုလည်း ပိုင်ဆိုင်ကြသည်။ မိုးစပါး နှင့် နွေစပါး နှစ်သီးစိုက်သော ကျေးရွာဖြစ်၍ စက်အင်အားဖြင့် အားကိုးစိုက်ပျိုး ကြခြင်း ဖြစ်ပါသည်။ စပါးအမြန် ရိတ်သိမ်းရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုလိုသော်လည်း လယ်မြေများတွင် ရိုးချောင်းများ များပြားမှုကြောင့် ဝင်ရောက်နိုင်ခြင်း မရှိသည့်အတွက် အခက်အခဲများ၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရပါသည်။

### ၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | ရှိ | စပါးကို နှစ်သီးစိုက်ပျိုး ထုတ်လုပ်နိုင်ပါသည်။ |
| ရေအရင်းအမြစ် | ရှိ | နွေစပါးအတွက် စိုက်ပျိုးရေအလုံအလောက်ရရှိပါသည်။ |
| သဘာဝမြေဆွေး၊ ဩဂဲနစ် | ရှိ | နည်းပညာများ သိရှိရန် လိုအပ်နေပါသည်။ |

| | | |
|---|---|---|
| ဩဂဲနစ်ပိုးသတ်ဆေး | ရှိ | တောင်သူများ အသုံးချရမည် နည်းပညာများ သိရှိရန် လိုအပ်နေပါသည်။ |
| ချေးငွေရရှိမှု | ရှိ | မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ယူရရှိနေသော်လည်း ဧက သတ်မှတ်ချက်၊ ထုတ်ချေးငွေပမာဏနှင့် ချေးငွေကာလတို့ အပေါ် ပြင်ဆင်ပေးနိုင်မည် ဆိုလျှင် ပိုမို အကျိုးရှိပါမည်။ |
| သွင်းအားစုဈေးကွက် | ရှိ | စိုက်ပျိုးရေးကုမ္ပဏီများမှ ဓါတ်မြေဩဇာ၊ မျိုးစေ့ စသည် တို့အတွက် လာရောက် ရင်းနှီး လုပ်ကိုင်ခြင်း မရှိသေးပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မရှိ | |
| အခြား(၁) | ရှိ | နွေစပါးအတွက် စိုက်ပျိုးရေအလုံအလောက်ရရှိပါသည်။ |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နွေစပါးစိုက်ပျိုးရန်အတွက် သွင်းရေလုံလောက်မှု သည် အဓိကကျသော အခွင့်အလမ်းတစ်ခုဖြစ်ပြီး အချို့သော ကျေးရွာများရှိ စိုက်ပျိုးရေးသွင်းအားစုများကို ကူညီပံ့ပိုးပေးနိုင်သည့် ဧရာပုသိမ် ကဲ့သို့သော ကုမ္ပဏီများနှင့် ချိတ်ဆက်နိုင်မည်ဆိုလျင် လယ်သမားများစပါးထုတ်လုပ်မှုတွင် အဆင်ပြေလာမည်ဖြစ်ပါသည်။ သို့သော်လည်း ချေးငွေနှင့် ဆက်နွယ်သော ပြင်ပအကူအညီများသည် အတိုးနှုန်း နည်းပါးပြီး နှစ်ရှည်ချေးငွေ အမျိုးအစားများ ဖြစ်ကြပြီး အရင်းဖဲ့ဆပ်ခွင့် ရနိုင်မှသာ လယ်သမားများသည် ၎င်းတို့၏ လယ်ယာလုပ်ငန်းခွင်တွင် တိုးမြှင့် ထုတ်လုပ်နိုင်သည့် နည်းစနစ်များကို ကျင့်သုံးလာနိုင်မည်မှာ အသေအချာပင်ဖြစ်ပါသည်။

## ၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | မရှိ | စုစုပေါင်းအိမ်ထောင်စု၏ထက်ဝက်ခန့်မှာ လယ်သမားများဖြစ်ကြပါသည်။ |
| ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု | ရှိ | |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | မြို့နှင့်နီးသောကြောင့် ပျိုးနှုတ်၊ ကောက်စိုက်သူများ ရှားပါးလာသည်။ |
| ဆည်မြောင်းရေရရှိမှု | ရှိ | လက်ပံ-စံနုတ်တူးမြောင်း တိမ်ကောမှုကို တူးဖော်ရန် လိုအပ်နေပါသည်။ |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေးသွင်းအားစုများ | ရှိ | အရင်းအနှီးမရှိခြင်း နှင့် ဈေးကြီးနစ်မြုပ်ခြင်းများကြောင့် |

| | | |
|---|---|---|
| အချိန်မှီ အသုံးပြု နိုင်မှု | | အချိန်မှီ အသုံးပြုနိုင်ခြင်းမရှိပါ။ |
| ဖျက်ပိုး နှင့် ရောဂါ | မရှိ | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ရှိ | |
| ဈေးကွက် လက်လှမ်းမှီမှု | မရှိ | မြို့နှင့်နီးခြင်းကြောင့် ထုတ်ကုန်များကို လွယ်ကူစွာရောင်း ချနိုင်ပါသည်။ |
| အစိုးရ မူဝါဒ နှင့် အစီအစဉ် | ရှိ | ဒေသနှင့် ကိုက်ညီသော မျိုးအသစ်များကိုသာ ဦးစားပေးစမ်းသပ်စိုက်ပျိုးစေချင်ကြသည်။<br>ဥပမာ_ပုလဲသွယ်မျိုး(ဒေသနှင့်မကိုက်ညီ) |
| အခြား(၁) | | |
| အခြား(၂) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တောင်သူလယ်သမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှသာ ချေးယူ ရရှိနိုင်ပါသည်။ အစိုးရဘဏ်မှ ချေးငွေမှာ ချေးငွေကာလ တိုတောင်းခြင်း၊ တစ်ဧက တစ်သိန်းနှုန်း သတ်မှတ်ထားခြင်း၊ အများဆုံး (၁၀) ဧက (၁၀) သိန်း အထိသာ ထုတ်ချေးပေးနိုင်ခြင်းကြောင့် စပါးထွက်ရှိချိန်တွင် စပါးဈေးနှုန်း နိမ့်ကျနေသော်လည်း တောင်သူလယ်သမားများမှာ မိမိတို့စပါးကို ထုတ်ရောင်းချရသဖြင့် ရရှိမည့် အကျိုးအမြတ်များစွာ ဆုံးရှုံးရပါသည်။

ချေးငွေရရှိနိုင်မည့် အစိုးရဘဏ်များမှ ချေးငွေကာလကို နှစ်ရှည်ချေးပေးနိုင်လျှင် သော်လည်းကောင်း၊ အစိုးရ အသိအမှတ်ပြု ဘဏ်တစ်ခုခုတွင် မိမိတို့ ပိုင်ဆိုင်သလောက် ချေးငွေ ထုတ်ပေးနိုင်မည့် အခြေအနေများ ရှိလာမည်ဆိုလျှင် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းလာနိုင်ပြီး စားနပ်ရိက္ခာဖူလုံလာစေမည်ဖြစ်ပါသည်။

## ၂.၂.၂ မွေးမြူရေး လုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေး နှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၇ | အိမ်ထောင်စု (၁၇) စုမှ နွားကောင်ရေ (၄၀) အား မွေးမြူ ထားပါသည်။ |
| မြင်း | | |
| ကျွဲ | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁၂ | အိမ်ထောင်စု (၁၂) စုမှ ဝက်ကောင်ရေ (၃၁) |

| မွေးမြူရေး နှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| | | ကောင်အား မွေးမြူ ထားပါသည်။ |
| ကြက် | ၃ | အိမ်ထောင်စု (၃) စုမှ ကြက်ကောင်ရေ (၄၃) ကောင်အား မွေးမြူထားပါသည်။ |
| ဘဲ | ၆ | အိမ်ထောင်စု (၆) စုမှ ဘဲကောင်ရေ (၁၂၅) ကောင်အား မွေးမြူထားပါသည်။ |
| အခြား | | |
| **ရေလုပ်ငန်း** | | |
| ငါးကန် | | မရှိပါ |
| ပုဇွန်ကန် | | မရှိပါ |
| ရေချို ငါးဖမ်းလုပ်ငန်း | ၃ | အသေးစားငါးဖမ်းလုပ်ငန်း ဖြစ်ပါသည်။ |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | မရှိပါ |
| ဂဏာန်းမွေးမြူရေးလုပ်ငန်း | | မရှိပါ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | နွားစားကျက်မရှိပါ။ ဘဲများအတွက် ရေချောင်းတွင် ကျောင်းနေပါသည် |
| ရေရရှိမှု | ရေလုံလောက်မှုရှိပါသည်။ |
| တိရစ္ဆာန်မျိုး | ဒေသမျိုးကိုသာသုံးစွဲခြင်း |
| ဈေးကွက် | သမဝါယမဈေးငွေ၊ |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှု | ရွာထဲတွင် ရောင်းနိုင်သည့်အပြင် ပုသိမ်သို့ ပို့နိုင်ပါသည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | မြေနေရာမရှိပါ |
| အခြား(၁) | |
| အခြား(၂) | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေလက်လှမ်းမှီမှု | အားနည်း (စီးပွားဖြစ် ထုတ်ဈေးငွေ အားနည်း) |

| | |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | များ၊ |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | ပြဿနာမရှိပါ (အုပ်စုတွင်း၊ အနီးအနား အုပ်စု၊ တိုင်းဒေသကြီး ပုသိမ်မြို့) |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတ | အားနည်း |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင် လက်လှမ်းမှီမှု | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမှီမှု | |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | |
| အရင်းအနှီးလက်လှမ်းမှီမှု | အားနည်း (စီးပွားဖြစ် ထုတ်ဈေးငွေ အားနည်း) |
| အခြား | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မွေးမြူရေးလုပ်ငန်း**ကို တစ်ပိုင်တစ်နိုင် လုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ဒေသကြက်၊ ဘဲ မွေးမြူကြပါသည်။ မွေးမြူရေးကို အဓိကထားသော မိသားစု (၄၀) ခန့်ရှိကြပါသည်။ ဘဲစားကျက် အနည်းငယ် ရှိပြီး၊ ဘဲအုပ်များအတွက် ရေရှိသောကြောင့် ဉစားဘဲအုပ်မွေးသူ (၂) ဦး စုစုပေါင်း အကောင် (၃၂၀) မွေးမြူ ပါသည်။ ဟင်းစားဘဲမွေးသော အိမ်ထောင်စု (၂၃) အိမ် ရှိပါသည်။ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာ နှင့် ရောဂါကာကွယ် ထိန်းချုပ်ရန် အထူးလိုအပ်ပါသည်။ ကွင်းပေါက်ကြီးကျေးရွာတွင် တိရစ္ဆာန်ကျန်းမာရေး အကျိုးတော်ဆောင် မရှိပါ။ အခြားရွာမှ လာရောက်ပြီး ဝန်ဆောင်မှု ပေးပါသည်။ သို့သော် အရေးပေါ် အခြေအနေများတွင် လုံလောက်မှုမရှိပါ။ ကျေးရွာမှ နည်းပညာဝန်ဆောင်မှု နှင့် သင်တန်းများ တက်ရောက်ချင် ပါသည်။ ပံ့ပိုးပေးပါက မွေးမြူရေးနှင့် ဝင်ငွေတိုးနိုင်ပါသည်။ စီးပွားဖြစ် အသားတိုးဝက် မွေးမြူရန်အတွက် စိတ်ဝင်စားသော မိသားစု (၁၅) ဦး ရှိပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူလိုသူ (၂၅) ဦးခန့် ရှိပါသည်။ နည်းပညာ အဆင့်မြှင့်ရန် လိုအပ်ပါသည်။ အရင်းအနှီးလည်း လိုအပ်နေပါသည်။

သမဝါယမအဖွဲ့ဝင် (၁၅၀) ဦး ရှိသော်လည်း ပြန်ဆပ် ကာလ (၆) လတွင် ပြန်လည်ပေးဆပ် ရသောကြောင့် ဝက်မွေးမြူရေးလုပ်ငန်းနှင့် အဆင်မပြေကြပါ။ ဝက်မွေးမြူရေးမှာ အနည်းဆုံး (၈) လခန့် မွေးမြူမှသာ ရောင်းချပြီး ငွေပေါ်နိုင်ပါသည်။ ဝက်ပေါက် တစ်ကောင် (၄၅,၀၀၀) ကျပ် ရှိပြီး၊ ကာလရှည်ချေးငွေ ရရှိပါက တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူလိုသူ (၃) ဦး ရှိပါသည်။

**ငါးလုပ်ငန်းအနေဖြင့်** လုပ်သား (၃) ဦးမှာ သူတော်ချောင်း ကိုအားထားရပြီး ပုဇွန်ထုပ်၊ ပုဇွန်ဆိတ်၊ ငါးဘတ်၊ ငါးရံ့၊ ငါးခူ၊ ငါးဖယ်၊ ငါးဇင်ရိုင်း၊ ငါးမြွေထိုး စသော ငါးသားပုဇွန်မျိုးများ နေထိုင်ကျက်စားပါသည်။ ကျေးရွာတွင် ရေလုပ်သား (၃) ဦးသာ ရှိပါသည်။ အသေးစားငါးဖမ်းလုပ်ငန်းဖြစ်ပါသည်။ ငါးဖမ်းကာလမှာ တော်သလင်းလမှ တန်ခူးလအထိ (၇) လ ဖြစ်ပါသည်။ ပုဇွန်ဆိတ် (၁) ပိဿာ (၁,၅၀၀) ကျပ် လက်ကားဈေး ပုသိမ်မှ လာရောက် ဝယ်ယူပါသည်။ ငါး (၁) ပိဿာ

(၃,၀၀၀ ကျပ်) ရှာနှင့် အနီးအပါးမှာပင် ရောင်းချပါသည်။ တစ်နေ့ဝင်ငွေ ပျမ်းမျှ (၄,၀၀၀ မှ ၁၀,၀၀၀) ကျပ် ရရှိပါသည်။ ရေလုပ်သား (၃) ဦးတွင် စုစုပေါင်း လှေငယ် (၂) စီးသာ ရှိပါသည်။ သစ် အမျိုးအစား မကောင်းသောကြောင့် နှစ်စဉ် မွမ်းမံ ပြင်ဆင်စရိတ်ရှိပါသည်။ လှေမပိုင်ဆိုင်သော ရေလုပ်သားများ ငါးဖမ်းရာတွင် အခက်အခဲရှိပါသည်။ လုငှားရမ်းခပေး၍ အသုံးပြု နေရပါသည်။ လှေ (၁) စင်း အသေး (၁၂၀,၀၀၀) ကျပ်၊ အကြီး (၁၅၀,၀၀၀) ကျပ် တန်ဖိုးရှိပါသည်။ ငါးဖမ်းပိုက် မပိုင်သော ရေလုပ်သားများလည်း အတိုးကြီးပေး၍ ဝယ်ယူရသောကြောင့် နစ်နာလှပါသည်။ ဘဝင်းပိုက်ဖြင့် ငါးဖမ်းပြီး ပိုက်မှာ (၁၅၀,၀၀၀) ကျပ် တန်ဖိုးရှိပါသည်။ အတိုးကြီးပေး၍ ဝယ်ယူ သုံးစွဲနေရပါသည်။ <u>လှေနှင့် ငါးဖမ်းပိုက် ကိုယ်ပိုင်ပြည့်စုံအောင် ဝယ်ယူလိုပါသည်။ အတိုးနှုန်း သက်သာပြီး ကာလကြာ ချေးငွေရရှိပါက ရေလုပ်သားများဘဝ အဆင်ပြေ နိုင်ပါသည်။</u> ရေလုပ်သား တစ်ဦးလျှင် လုပ်ဖက်ကိရိယာအတွက် စုစုပေါင်း (၃၀၀,၀၀၀) ကျပ် လိုအပ်ပါသည်။ ငါးမဖမ်း ရသောရာသီတွင် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြ ပါသည်။ ကျဘမ်းနေ့စားခ တစ်နေ့ (၃,၀၀၀) ကျပ် ဖြစ်သည်။

### ၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၃ | | | လတ် (ပုသိမ်ဟာလဝါ - ၁၊ ဆန်စက် - ၂) |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၁ | | | လတ် (ပန်းရံ - ၁) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | | | လတ် (ဆံသဆိုင် - ၁) |
| ၇ | လက်လီ-လက်ကားရောင်း ဝယ် ရေး | ၁၂ | | | လတ် (ဈေးဆိုင် - ၅၊ သီးနှံထွက်ကုန် အရောင်း အဝယ် - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | | | ၇) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၂ | | | လတ် (လက်ဖက်ရည်ဆိုင် - ၂) |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | ၁ | | လတ် (ကျောင်းဆရာမ - ၁) |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | ၄၀ | | နိမ့် (ကျဘမ်းလုပ်သားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းအပေါ် အဓိကမှီခိုနေရပြီးလုပ်ငန်းချိန်ပြီးဆုံးပါက ပုသိမ်မြို့တွင် လမ်းပြုပြင်သည့်အလုပ်များ၊ ငါးရှဉ့်မြုံး ထောင်ခြင်း၊ ပန်းရံ-လက်သမား အစရှိသည် တို့ကို ကြုံရာလုပ် ကိုင် ကြရသည်။ |
| ၁၇ | ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၁၉** | **၄၁** | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျဘမ်းလုပ်သားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းအပေါ် အဓိကမှီခိုနေရပြီး ကောက်စိုက်၊ ပျိုးနှုတ်၊ ကောက်ရိတ် စသည့် လုပ်ငန်းများကိုသာ မိရိုးဖလာ လုပ်ကိုင်ကြသည်။ လုပ်ငန်းချိန်ပြီးဆုံးပါက ပုသိမ်မြို့တွင် ကျောက်သယ်ခြင်း၊ လမ်းခင်းခြင်း စသည့် လမ်းပြုပြင်သည့် အလုပ်များ၊ ငါးရှဉ့်မြုံး

ထောင်ခြင်း၊ ပန်းရံ-လက်သမား အစရှိသည် တို့ကို ကြုံရာ လုပ်ကိုင်ကြရသည်။

ကျဘမ်းလုပ်သားများ အနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရ လုပ်ငန်းလုပ်ကိုင်နိုင်ရန် စိတ်အားထက်သန်နေကြပြီး နည်းပညာနှင့် ငွေကြေးအရင်းအနှီး လိုအပ်မှုများ ရှိနေပါသည်။ လုပ်ငန်းနှင့် သင့်လျော်သော ထုတ်ချေးငွေရရှိပါက စက်လှေဝယ်ယူ၍ စပါးပို့လိုခြင်း၊ ခေါင်းရွက်ဗျက်ထိုး လုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်း၊ မုန့်လုပ်ငန်းများ လုပ်ကိုင်လိုခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (ဆံညှပ်၊ စက်ချုပ် အစရှိသကဲ့သို့) လုပ်ကိုင်လိုကြသည်။

### ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာ နှင့် အခက်အခဲများ |
|---|---|
| ပုသိမ်မြို့နှင့် (၈) မိုင်ခန့်သာ ကွာဝေးခြင်း (ပုသိမ်တွင် အထည်ချုပ်စက်ရုံ ကဲ့သို့သော စက်ရုံများ ရှိခြင်း) | ဒေသမှ ထုတ်ကုန်ထုတ်လုပ်မှု နည်းပါးခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း |
| စိတ်ပါဝင်စားသည့် လူငယ်၊ လူရွယ်များ ရှိခြင်း | အသက်မွေးဝမ်းကြောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း |
| ငွေချေးသည့် အဖွဲ့အစည်းများရှိနေခြင်း (ပက်(ထ်) မြန်မာ၊ သမဝါ ယမ စသည်) | မိရိုးဖလာ ကျဘမ်းအလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း |
| အစိုးရဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုရှိခြင်း | အလုပ်ရရှိမှုမှာ လုပ်ငန်းရှင်များ အပေါ်တွင်သာ မှီခိုနေရခြင်း |
| | လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့်ချေးငွေ ပမာဏနှင့် ပြန်လည်ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေ မရှိခြင်း |
| | လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း လာသဖြင့် လုပ်သား လိုအပ်မှုနည်းခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီးကျေးရွာအတွက် ကျဘမ်းလုပ်သားများ အနေဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်း အပေါ်တွင်သာ မှီတည် နေရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့်လည်း ရာသီဥတုကို မှီတည် နေရသဖြင့် ရေကြီး၍ စပါးများ နစ်မြုပ်သည့် ကာလများတွင် ကျဘမ်းလုပ်သားများ အနေဖြင့် များစွာ အခက်အခဲကြုံကြရသည်။ စိုက်ပျိုးသည့် အချိန်တွင်လည်း လယ်ယာသုံး စက်ကိရိယာများကို သုံးစွဲလာကြသဖြင့် လုပ်သားလိုအပ်မှု နည်းပါးလာ ပေသည်။ စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိရန် ခက်ခဲလာချိန်နှင့် ကျေးရွာတွင်း အလုပ်အကိုင် ရှားပါးလာချိန်တွင် ကျောက်သယ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံ (ရန်ကုန်၊ ပုသိမ်) တို့တွင် လုပ်ကိုင်မှု ပိုမို များပြားလာသည်။

ကုန်ထုတ်လုပ်ငန်းနှင့် လုပ်ငန်းသစ်တစ်ခုကို စတင်တည်ထောင်ရန် တစ်ဦးတစ်ယောက်တည်း အနေဖြင့် ယုံကြည်ချက် မရှိသော်လည်း အစုအဖွဲ့ဖြင့် စတင်လုပ်ဆောင်မည် ဆိုပါက အရင်းအနှီး ပိုင်းဆိုင်ရာတွင် အဆင်ပြေနိုင်ပါသည်။ သို့ရာတွင် အစုအဖွဲ့ဖြင့် လုပ်ဆောင်ခဲ့ခြင်း မရှိသကဲ့သို့ လုပ်ဆောင်ရန် နည်းလမ်းများကို လည်း မသိရှိကြပေ။ အစုအဖွဲ့ငယ် ကလေးများအား အစပျိုး အားပေး သင့်ပြီး လုပ်ဆောင်နိုင်ရန် အားပေးတိုက်တွန်းခြင်း၊ ရင်းနှီးမတည်ငွေ နှင့် ပစ္စည်းကိရိယာ ထောက်ပံ့ပေးခြင်းနှင့် နည်းပညာများပေး၍ နမူနာ လုပ်ပြမည်ဆိုပါက ကွင်းပေါက်ကြီးကျေးရွာမှ စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အခြားဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပေသည်။

## ၂.၃ ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှ အကွာအဝေး (ကီလိုမီတာ) | အတူတူပင် | ပုသိမ် (၁၂ကီလိုမီတာ)<br>မြို့မဈေး၊ ရွှေပြည်သာဈေး |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | | ကား၊ ဆိုင်ကယ်၊ စက်ဘီး |
| ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင် ပေးနိုင်မှု | | အားလုံးရနိုင် |
| ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု | | မြို့မဈေး (၅ ရုံ၊ ၉၆၃ ခန်း)၊ ကမ်းနားဈေး၊ ဘူတာဈေး၊ ကုလားကုန်းဈေး၊ ကြက်တူရွေး စာပင်ဈေး (ဈေးလေး)၊ ဧရာမင်းဈေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီးကျေးရွာသည် ပုသိမ်-ငွေဆောင် လမ်းမကြီးနှင့် (၂ မိုင်ခွဲ) ကွာဝေးပြီး ပုသိမ်မြို့ နှင့် (၈) မိုင်ခန့် ကွာဝေး၍ ငွေဆောင်မြို့နယ်နှင့် (၁၉) မိုင် ကွာဝေးပါသည်။ မိရိုးဖလာ လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြပြီး အဓိက ဒေသထွက်ကုန်မှာ စပါး ဖြစ်သည်။ အခြားထွက်ကုန်များမှာ ဟင်းသီးဟင်းရွက်များ၊ ငါး၊ ပုဇွန် စသည်တို့ ဖြစ်ကြသည်။ ပုဂ္ဂလိက တစ်နိုင်ဂန်ဆောင်မှု စီးပွားရေးလုပ်ငန်း အနေဖြင့် ဆံညှပ်၊ စက်ချုပ်စသည့် ကိုယ်ပိုင် အစီအစဉ်ဖြင့် လုပ်ဆောင် နေပါသည်။ ပုသိမ်-ငွေဆောင် ကားလမ်းမမှ ကွင်းပေါက်ကြီးကျေးရွာသို့သွားသော ရွာလမ်းမမှာ ကွန်ကရစ်လမ်းနှင့် မြေသားလမ်းတို့ ဖြစ်ကြသည်။ မြေသားလမ်းအား မိုးရာသီတွင် ကြာရှည်ခိုင်ခံ့ရန် ထော်လာဂျီများ ဝင်ရောက်ခြင်း၊ ကားများ ဝင်ရောက်ခြင်းတို့ကို တားမြစ်ထားပါသည်။ ၎င်းလမ်းသည် မိုးရာသီ (၅) လမှ လွဲလျှင် (၇) လပတ်လုံး ကား၊ ဆိုင်ကယ်တို့ဖြင့် သွားလာနိုင်ပြီး အုပ်စုတွင်းမှ ကျေးရွာခွဲများ၊ အနီးအနားရှိ ကျေးရွာများနှင့် ပုသိမ်-ငွေဆောင်ကားလမ်းမကြီးကို ဆက်သွယ်ပေးထားသည့် အဓိက ကုန်စည် သယ်ဆောင်သည့် လမ်းကြောင်းလည်း ဖြစ်ပါသည်။ ထိုလမ်းကိုပင်

အနီးအနားရှိ ကျေးရွာများနှင့် အုပ်စုတွင်းကျေးရွာများအတွက် ကုန်စည် စီးဆင်းရန် အဓိက အားထား နေရပါသည်။ ဒေသထွက်ကုန်များ (စပါး၊ ငါးရှဉ့်၊ ပုဇွန်၊ ဟင်းသီးဟင်းရွက်) ကို ကျေးရွာတွင်းနှင့် ပုသိမ်သို့သာ ရောင်းချ ကြပါသည်။ ပုသိမ်ဈေးကွက်မှာ ဈေးပိုမို ရရှိသည်။ (ဥပမာ စပါးတင်း (၁၀၀) လျှင် ပုသိမ်ဆန်စက်သို့ တင်ပို့ ရောင်းချပါက (၁၀,၀၀၀) ကျပ် ပိုရရှိသည်)။

ရေလမ်းကြောင်းမှလည်း စက်လှေငယ်များဖြင့် စပါးသွားရောက်ပို့သည့် အလုပ်အတွက် ဝန်ဆောင်မှု ပြုကြပါသည်။ ကျေးရွာတွင်းတွင် ဆန်စက်မှာလည်း (၂) လုံး ရှိသဖြင့် စပါးကြိတ်ခွဲ၍ ရောင်းချရန် လည်း အဆင်ပြေ ပါသည်။

ဈေးသို့ လိုင်းကားဖြင့် သွားလျှင် တစ်ဦးလျှင် အသွား+အပြန် (၁,၀၀၀) ကျပ်သာ ကုန်ကျပါသည်။ ဆိုင်ကယ် တက်စီဖြင့် သွားပါက အသွား+အပြန် ကုန်ကျစရိတ်မှာ (၃,၀၀၀)ကျပ် ဖြစ်သည်။

## ၂.၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေးဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက် အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက် ဘဏ်) | ချေးငွေ | ၇လ | ၀.၄၂ ကျပ် (လတိုး) | ချလံစာ ရွက် | သတ်မှတ်ထား သောစည်းမျဉ်း စည်းကမ်း အတိုင်း |
| သမဝါ ယမ | စုငွေ၊ချေးငွေ | ၆လ | ၁.၁၅ ရာခိုင်နှုန်း (လတိုး) | အိမ်ထောင် စုစာရင်း (မိတ္တူ)၊ မှတ်ပုံတင် (မိတ္တူ) | သတ်မှတ်ထား သောစည်းမျဉ်း စည်းကမ်း အတိုင်း |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ ငွေချေး အစီအစဉ် | | | | | |
| ငွေချေးပေးသူ | ချေးငွေ | ကန့်သတ်ချက် မရှိ(နှစ်ဦး သဘောတူညီ သည့်အတိုင်း) | ၁၀ ရာခိုင်နှုန်း | မလိုအပ်ပါ | ယုံကြည် သူမှသာချေး |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့်ဆွေမျို း များ | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်** မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေး ပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၀၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများအနေဖြင့် တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ်နှုန်းဖြင့် လုံလောက်ခြင်း မရှိချေ။ တစ်ဧက ကုန်ကျစရိတ်မှာ (၂၀၀,၀၀၀) ကျပ်ခန့် ကုန်ကျသည်။ ထို့အပြင် စိုက်ပျိုးရေး ချေးငွေကို ပြန်လည်ပေးဆပ်ရန် အချိန်ကျလာပါက စိတ်ကြိုက်ဈေးနှုန်း မရရှိဘဲ ရောင်းချရခြင်း၊ အခြားမှ ချေးငွေယူ၍ ပြန်လည်ပေးဆပ်ရခြင်း စသည့် အခက်အခဲများ ရှိနေပါသည်။ လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် (အနည်းဆုံး (၃) နှစ်) ထုတ်ချေးပေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

**သမဝါ ယမ ဦးစီးဌာနမှ** ငွေထုတ်ချေးသည့် အစီအစဉ်များလည်း ရှိပါသည်။ ထိုအဖွဲ့၏ ပုံစံမှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် တစ်ဦးလျှင် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျဘမ်းဟူ၍ ငွေထုတ် ချေးသည့် ပုံစံ (၂) မျိုး ရှိပါသည်။ အတိုးနှုန်းလည်း မတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။ ပြန်လည်ပေးဆပ်သည့်ပုံစံ၊ စည်းမျဉ်းစည်းကမ်းများကို ကျေးရွာသားများအနေဖြင့် သေချာစွာနားလည်ခြင်း မရှိသေးပါ။ ပြဿနာ တစ်စုံတရာ မရှိသေးချေ။ ယခုမှ စတင်၍ ငွေချေးခြင်းဖြစ်ပြီး ပြန်လည်ပေးဆပ်ရန် အချိန်မရောက်သေးပေ။

## ၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

### ၂.၅.၁ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | နိမ့် | လက်ရှိအခြေအနေတွင် အန္တရာယ် မရှိသေး သော်လည်း နောင်တစ်ချိန်တွင် ဓါတုအခြေခံ သွင်းအားစုများ ထည့်သွင်းခြင်းကြောင့် မြေဆီလွှာများ ပျက်ဆီးမှုများ ကြုံတွေ့ရနိုင်ပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | ပျောက်ကွယ်မှု မရှိသေးပါ။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | အသင့်အတင့် | ဓါတုဆေးဝါးများကို စနစ်မကျသုံးစွဲမှုကြောင့် အန္တရာယ်ရှိပါသည်။ |
| ရေအရင်းအမြစ် | နိမ့် | လက်ရှိအချိန်တွင် သီးနှံများအတွက် သွင်းရေ အလုံအလောက်ရှိပြီး သောက်သုံးရေလည်း လုံလောက်မှုရှိပါသည်။ |

| | | |
|---|---|---|
| ငါးမျိုးကွဲများ | နိမ့် | ရှေ့ယခင်က ထက်စာလျှင် ငါးအရ နည်းလာသော်လည်း စုံလင်စွာ ရရှိနေပါသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | အနည်းငယ် ရှားပါးလာ ပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | စနစ်မရှိသေးပါ။ သို့သော် ကြိုတင်ကာကွယ် ထားမှသာ ပတ်ဝန်းကျင်ပျက်စီးမှုသက်သာမည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးမြေများတွင် မြေဆီသြဇာ ကြွယ်ဝမှု ကောင်းမွန်နေသော်လည်း တစ်နှစ်ကို စပါးနှစ်သီး စိုက်ပျိုးခြင်း၊ အထွက်ကောင်းစပါးမျိုးများကို စိုက်ပျိုးလာခြင်းကြောင့် ဓာတုမြေသြဇာသုံးစွဲမှု မြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ် ရှိပါသည်။

ငါးမျိုးစုံ ရရှိမှုမှာ ယခင်အတိုင်းပင် ရှိနေသေးသော်လည်း ရရှိမှု နည်းပါးလာပါသည်။ လူနေထူထပ်လာမှုကြောင့် သဘာဝသယံဇာတဖြစ်သည့် ငါးအပေါ်တွင် မှီခိုမှု များပြားလာခြင်းတို့ကြောင့် ငါးရှားပါးခြင်းနှင့် ဈေးနှုန်းကြီးမြင့်မှုများ ကြုံတွေ့ရ ပါသည်။

### ၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

| **အမျိုးအစား** | **အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)** | **ဖော်ပြချက်/ ရှင်းလင်းချက်** | **လက်ရှိ ဘေး အန္တရာယ် လျှော့ချ ရေးအလေ့ အကျင့် များ** |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | များ | ပုံမှန်နှစ်များတွင် မိုးရာသီ၌ လယ် မြေများ ရေနစ်မြုပ် လေ့ ရှိပြီး(၄) နှစ် တစ်ကြိမ် ဝါထပ် နှစ်များတွင် ရေကြီး နှစ်မြုပ် မှုကို ဆိုးဝါးစွာ ကြုံတွေ့ ရပါ သည်။ | ရေကြီးမည့်ကာလမတိုင်မီ အစည်းအဝေးခေါ်ယူ၍ ကြို တင်စီမံထားသည့် အလေ့အထများရှိသည် |
| မီးဘေး | နည်း | ကြုံတွေ့ရခြင်းမရှိကြပါ။ | ရွာသူရွာသားများဝိုင်းဝန်းကာကွယ်ကြပါသည်။ |
| မုန်တိုင်း | လတ် | ကမ်းရိုးတန်း ဒေသဖြစ်၍ မုန်တိုင်းဖြစ်ပေါ်လျှင်ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည်။ | မရှိ |
| လျှောင် | နည်း | | |
| မိုးခေါင်ခြင်း | နည်း | | |
| အအေးလှိုင်း | နည်း | | |
| ပဋိပက္ခ | နည်း | | |
| တိရစ္ဆာန်ရောဂါ | နည်း | ကျွဲ၊ နွားများ | |

| | | | |
|---|---|---|---|
| ဖြစ်ပွါးမှု | | နည်းပါးလာခြင်း။ | |
| လူရောဂါဖြစ်ပွါးမှု | နည်း | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၆ ပညာရေး

### ၂.၆.၁ ပညာရေး နှင့် စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေး နှင့် စာတတ်မြောက်မှု

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်၊ လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၆ | ၁၇ | ၂၃ | ၇.၄၆ % |
| ဘာသာရေးအခြေပြုပညာရေး | ၄ | ၄ | ၈ | ၂.၅၉ % |
| မူလတန်းပညာရေးပြီးဆုံး သူများ | ၅ | ၁၀ | ၁၅ | ၄.၈၇ % |
| အလယ်တန်းပညာရေးပြီး ဆုံးသူများ | ၁၂ | ၂ | ၁၄ | ၄.၅၄ % |
| အထက်တန်းပညာရေးပြီး ဆုံးသူများ | ၁ | ၁ | ၂ | ၀.၆၅ % |
| တက္ကသိုလ်ပညာပြီးဆုံးသူများ | ၂ | ၀ | ၂ | ၀.၆၅ % |
| **၉ နှစ် အထက် လူဦးရေပေါင်း** | **၁၅၃** | **၁၅၅** | **၃၀၈** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီး ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၈.၆) ရာခိုင်နှုန်း ရှိပါသည်။ သက်ကြီးပိုင်း လုံးဝ ကျောင်းမနေဖူးသူ (၂၃) ဦး ရှိပါသည်။ ကွင်းပေါက်ကြီး ကျေးရွာ၏ ထူးခြားချက်မှာ ကျောင်း မနေနိုင်သော ကျောင်းသားဦးရေ မရှိခြင်းပင် ဖြစ်သည်။

### ၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း | ၁၄ | ၁၁ | ၂၅ | ၂၅/၂၁ = ၁၁၉% |
| အလယ်တန်း | ၁ | ၅ | ၆ | ၆/၇ = ၈၅.၇% |
| အထက်တန်း | ၃ | ၂ | ၅ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၁ | ၁ | ၂ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီး အခြေခံပညာ မူလတန်းကျောင်းတွင် အုပ်စုအတွင်းရှိ အိမ်ချောင်းလေးကျေးရွာမှ လာရောက် တက်ရောက်သူများ အပါအဝင် ကျောင်းသား (၆၃) ဦး ရှိပါသည်။ သူငယ်တန်း (ကျား - ၇ + မ - ၆ ) ၁၃ ဦး၊ ပထမတန်း (ကျား - ၁၁ + မ - ၅) = ၁၆ ဦး၊ ဒုတိယတန်း (ကျား - ၁၀ + မ -

၃) = ၁၃ ဦး၊ တတိယတန်း (ကျား - ၄ + မ- ၆) = ၁၀ ဦး၊ စတုတ္ထတန်း (ကျား - ၆ + မ - ၅) = ၁၁ ဦး။ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် လုံးဝကျောင်းမနေသူ ဦးရေ မရှိသည့်အပြင် ဘာသာရေး အခြေပြု ကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။ ကွင်းပေါက်ကြီး ကျေးရွာ၏ လက်ရှိ မူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက် နှင့် နှိုင်းယှဉ်လျှင် (၁၉) ရာခိုင်နှုန်း ပိုနေခြင်းမှာ မူလတန်း တက်ရောက်နေသူ အချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။

မူလတန်းကျောင်းမှ အောင်မြင်ပြီးသူ များသည် တစ်မိုင်ခွဲ ကွာဝေးသော သူတော်ကုန်း ကျေးရွာရှိ အလယ်တန်း ကျောင်းခွဲတွင် သွားရောက် သင်ကြားကြရပြီး စက်ဘီး၊ ခြေလျင် လျှောက် သွားကြပါသည်။ လက်ရှိကာလတွင် အလယ်တန်းအဆင့် (ကျား - ၁ + မ - ၅) = ၆ ဦးသည် စက်ဘီးဖြင့် ကျောင်းတက် ကြပါသည်။

အထက်တန်းအဆင့်တွင် (ကျား - ၃ + မ - ၂) = ၅ ဦးသည် ပုသိမ်ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် တက်ရောက် ပညာသင်ကြားနေကြပါသည်။ မိဘများမှ စီးပွားရေး အဆင်မပြေသည့်ကာလတွင် ငွေကုန် ကြေးကျ မတတ်နိုင်၍ အထက်တန်းပညာ တက်ရောက်သူဦးရေ နည်းပါးပါ သည်။ ပုသိမ်တက္ကသိုလ်တွင် တက်ရောက်နေသူများမှာ ကျား (၁) + မ (၁) ဦး ဖြစ်ပါသည်။

## ၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

| စဉ် | အသုံးအဆောင်/အထောက်အပံ့ | မူလတန်းကျောင်းဆောင် |
|---|---|---|
| ၁ | ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာအတွင်း |
| ၂ | အရွယ်အစား(အလျား၊အနံ၊အမြင့်) | ၆၅'x ၃၀' x ၂၀' |
| ၃ | အမိုး၊အကာ၊အခင်းအမျိုးအစား | သွပ်မိုး၊အုတ်ကာ၊ကွန်ကရစ်ခင်း |
| ၄ | ပရိဘောဂပစ္စည်း(လုံလောက်/မလုံလောက်) | လုံလောက်မှုမရှိ<br>စာရေးခုံ(ထိုင်+ရေး) - ၃ စုံ<br>စာရေးခုံ - ၂၅ ခုံ<br>စားပွဲ- ၅<br>ကုလားထိုင်- ၉<br>ကျောက်သင်ပုန်း- ၅<br>ဗီဒို - ၃ လုံး |
| ၅ | ဆရာအရေအတွက် | ဆရာမ (၅) ဦး၊ ဆရာ (၁) ဦး၊ စုစုပေါင်း (၆) ဦး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၉၇၈ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့သော ဘုန်းတော်ကြီးကျောင်းဇရပ် (၆၀'x ၃၀'x ၂၀') မှ မူလတန်း ကျောင်းကို စတင်ခဲ့သည်။ ၂၀၁၁-၁၂ ခုနှစ်တွင် ၆၅'x ၃၀' x ၂၀'အထိ တိုးချဲ့ခဲ့ပြီး

အုတ်ကာရံ၍ သွပ်မိုးခြင်း လုပ်ဆောင်ခဲ့သည်။ ပျဉ်ခင်းများမှာ ခြစားနေပြီး အသစ်လုပ်ဆောင်ရန် လိုအပ်နေပါသည်။ ကျောင်းသူ၊ ကျောင်းသားများ အတွက် သောက်သုံးရေကို ရွာထိပ်ကန် (ပေ ၁၀၀၀ ကျော်ဝေးသော) ရှိ ရေတွင်းမှ ခပ်ယူ သုံးစွဲပါသည်။ ကျောင်းတွင် အခန်းများ ခွဲထားခြင်း မရှိပဲ၊ ဟောခန်း ပုံစံဖြင့် ထားရှိပါသည်။ ကျောင်းအုပ် ဆရာကြီး (၁) ဦး၊ လက်ထောက်ဆရာ၊ ဆရာမ (၅) ဦး၊ စုစုပေါင်း (၆) ဦး ရှိပါသည်။ ဆရာ၊ တပည့် အချိုးအားဖြင့် (၁၃) ဖြစ်ပါသည်။ (၃) ခန်းတွဲ အိမ်သာတစ်လုံးကလည်း ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါသည်။ ကျောင်းတွင်းတွင် စာရေး စာဖတ်ခုံ (၃) စုံ၊ စာရေးခုံ (၂၅) လုံး၊ စားပွဲ (၅) လုံး၊ ကုလားထိုင်ခုံ (၉) လုံး၊ ကျောက်သင်ပုန်း (၅) ချပ်၊ ဗီဒို (၃) လုံး ရှိပါသည်။ အခြေခံပညာဦးစီး ဌာနမှ နှစ်စဉ် ထောက်ပံ့ပေးလေ့ရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများ (၁၅) စုံခန့် လိုအပ်နေပါသည်။

## ၂.၆.၄ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

| အခက်အခဲ/ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မဦးရေ | ၆ ဦး |
| တပည့် - ဆရာ အချိုး | ၁၃ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မူလတန်းတွင် ကလေးအားလုံးမှ ကျေးရွာအတွင်းကျောင်းထား ရခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတော်မူဝါဒကြောင့် သော်လည်း ကောင်း ကျောင်းသားအားလုံး ကျောင်းတက်နိုင်ကြပါသည်။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မျက်ဆံလည်နေသော ကျောင်းသားတစ်ဦး ရှိပြီး တတိယတန်း တွင် ပညာသင်ကြားနေပါသည်။ စတုတ္ထတန်းအတွက်မူ မည်သို့ ဆက်လုပ် ရမည်ကို မြို့နယ်ပညာရေး ဦးစီးဌာနအား တင်ပြ ထားပါသည်။ |
| ကျောင်းသုံးစာအုုပ်နှင့်စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဌာန်းပုံနှိပ်စာအုပ် အပြည့်အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုး ပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသားများဝယ်သုံးရပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မျက်ဆံလည်နေသော ကျောင်းသားတစ်ဦး ရှိပြီး တတိယတန်းတွင် ပညာသင်ကြားနေပါသည်။ စတုတ္ထတန်း အတွက်မူ မည်သို့ဆက်လုပ်ရမည်ကို မြို့နယ်ပညာရေး ဦးစီးဌာနအား တင်ပြထားပါသည်။ ဗလာစာအုပ်၊ ပြဌာန်းပုံနှိပ်စာအုပ် အပြည့်အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသား ဝယ်သုံး ရပါသည်။ အခမဲ့ ပညာရေး စနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက် အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင် (၉) ဦး၊ ကျောင်းသား မိဘ (၁၃) ဦး ပါဝင်သော မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်ကြသောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲများ မရှိ လုပ်ဆောင် နေနိုင်ပါသည်။ သောက်ရေအတွက် သယ်ယူရန် အလှမ်းကွာဝေးသောကြောင့် ကျောင်းသား၊

ကျောင်းသူများအတွက် ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တစ်ကန် တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံး သောက်ရေ ဖူလုံနိုင်ပေသည်။ ကျောင်းသားဦးရေ များပြားလာစေရန်နှင့် ကျေးရွာ၏ စာတတ်မြောက်မှု ရာနှုန်းများပြားလာစေရန်အတွက်မှာ ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေ နှင့် စီးပွားရေး တိုးတက်လာမှု အပေါ်တွင် မူတည်ကြောင်း သုံးသပ် ဆွေးနွေး ကြပါသည်။

## ၂.၇ ကျန်းမာရေး နှင့် အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁. ဖျားနာတုပ်ကွေး | ၂. ဝမ်းပျက်ဝမ်းလျှော | ၃. | ၄. |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီး ကျေးရွာအတွင်း ဖျားနာတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများ အဓိက ဖြစ်ပွားလေ့ရှိပြီး ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလည်း မရှိသေးပါ။

### ၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလော က်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သော အသုံး အဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | မရှိ | | | | |
| ဆေးရုံ | ၁၂.၈ ကီလို (၈ မိုင်) ပုသိမ် | ရှိ | ဆရာဝန် -<br>သူနာပြု -<br>သားဖွားဆရာမ - | ရှိ | |
| ဆေးဆိုင် | ၁၂.၈ ကီလို (၈ မိုင်) ပုသိမ် | | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု<br>ဆေးဝါး....<br>သိုလှောင်ပုံစနစ်<br>အအေးခန်းစနစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီး ကျေးရွာအတွင်း ဖျားနာတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများ အဓိက ဖြစ်ပွား

လေ့ရှိပြီး ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလည်း မရှိသေးပါ။ ဆေးခန်းအတွက် လိုအပ်သော မြေနေရာ နှင့် အဆောက်အဦးအကြမ်း အတွက် အလှူရှင် ရှိထားပြီးသော်လည်း မြို့နယ် ကျန်းမာရေးဦးစီးဌာန ဖြင့် ထံတင်ပြ၍ ကျန်းမာရေးဆေးပေးခန်း အတွက် ချိတ်ဆက် တောင်းခံ ရန်နှင့် ကျန်းမာရေး ဝန်ထမ်းများ ရရှိရန် လိုအပ်နေပါသေးသည်။ ကြက်ပေါင်ကျေးရွာမှ သားဖွား ဆရာမမှ တစ်လတစ်ကြိမ် လာရောက် စစ်ဆေးပေးလေ့ရှိပါသည်။ အသေးစား ကျန်းမာရေး အတွက် ပုသိမ် တစ်ဖက်ကမ်းရှိ ဆေးတပ်မှ ဆေးမှူးအား ဆက်သွယ်ပါက လာရောက် ကြည့်ပေးလေ့ ရှိပါသည်။ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ အတွက်မူ ကျေးရွာရှိ အရံသားဖွားဆရာမမှ ကြည့်ရှု ပေးပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာ အတွင်းရှိ ကုန်စုံဆိုင် များတွင် ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေး အတွက်ကား ပုသိမ်မြို့ပေါ်ရှိ ဆေးဆိုင်တွင် ရနိုင် ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ ပုသိမ်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက် ပြသကြ ပါသည်။

ကျေးရွာအတွက် ကျန်းမာရေး ကဏ္ဍတိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ ကျေးလက် ကျန်းမာရေးဆေးပေးခန်းတစ်ခု ထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦး ရှိခြင်းဖြင့် အုပ်စု အတွင်းမှ ကျေးရွာများအတွက်ပါ ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိလာပါမည်။ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အခါအားလျော်စွာ ဖွင့်လှစ်သော ကျန်းမာရေးလုပ်သားသင်တန်းများသို့ လည်း တက်ရောက်လိုကြပါသည်။ ထို့အပြင် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ကျန်းမာရေး အသိများ တိုးတက်လာမည်ဟု သုံးသပ်ဆွေးနွေးကြပါသည်။

### ၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | | | | | | |
| အဝီစိတွင်း (၄”) | ၁ | ၁ - ကောင်း | ရှိ | ရှိ | ရှိ | |
| တုံကင် | | | | | | |
| ကန် | ၃ | ၃ - ကောင်း | ရှိ | ရှိ | ရှိ | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းတွင် သောက်ရေကန် (၃) ကန် ရှိပါသည်။

(၁) ရွာထိပ်ကန် - ၂၀၀'x ၂၀၀'x ၈' - ချိန်းလိပ်ဖြင့် ကာရံထားပြီး ရေတုံကင် (၄) ခုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးထားပါသည်။ ပေ (၃၀၀) ခန့်ရှိသော ကွန်ကရစ် လျှောက်လမ်း လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။

(၂) ရွာလယ်ကန် - ၂၀၀'x ၂၀၀'x ၈' - ချိန်းလိပ်ဖြင့် ကာရံရန်၊ ရေတုံကင် (၂) ခုဖြင့် တပ်ဆင်ရန်နှင့် ပေ (၄၀၀) ခန့်ရှိသော ကွန်ကရစ် လျှောက်လမ်း လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။

(၃) ရွာဖျားကန် - ၂၀၀'x ၂၀၀'x ၈' – နွေကာလ (၃) လတွင် ရေခန်းပါသည်။ ချိန်းလိပ်ဖြင့် ကာရံရန်၊ ရေတုံကင် (၂) ခုဖြင့် လုပ်ဆောင်ရန် မလိုအပ်ပဲ ပေ (၄၀၀) ခန့်ရှိသော ကွန်ကရစ် လျှောက်လမ်း လုပ်ဆောင်ရန်သာ လိုအပ်ကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။

ကျေးရွာအတွက် သုံးရေကိုမူ (၄) လက်မ စက်ရေတွင်း တစ်တွင်း နှင့် အုတ်ရေကန်တစ်ကန်အား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသောကြောင့် လုံလောက်မှု ရှိပါသည်။

### ၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

| **သုံးစွဲနိုင်သောအိမ်သာအမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** | **ရှင်းလင်းချက်** |
|---|---|---|
| ယင်လုံအိမ်သာ | ၁၅ | ယင်လုံအိမ်သာ အဆင့်မှီ |
| ကျင်းအိမ်သာ | | |
| တောထိုင် | ၉၀ | သူတော်ချောင်း လက်ခွဲမှ ချောင်းရေ တက်လာ ပါက သန့်ရှင်းရေး လုပ်ပေးပြီးသား ဖြစ်ပါသည်။ |
| စုစုပေါင်း | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၁၅) အိမ် ရှိပြီး ကျန်အိမ်ထောင်စု (၉၀) မှာ ပက်လက်အိမ်သာ အမျိုးအစားဖြစ်ပြီး သူတော်ချောင်း လက်ခွဲမှ ချောင်းရေတက်လာပါက အညစ်အကြေးများသည် ချောင်းရေနှင့်မျောပါ သွားခြင်းကြောင့် စနစ်တကျ အညစ်အကြေး စွန့်ပစ်တတ်သည့် အလေ့အထများ ရရှိအောင် စည်းရုံး ဆောင်ရွက် သွားရမည် ဖြစ်ပါသည်။

## ၂.၈ လမ်းတံတား အခြေအနေ

### ၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်းတံတား တည်ရှိမှု အခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း /ဆိုး | တည်ဆောက် ခဲ့သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး | |
| ကျေးရွာတွင်းလမ်း | ၁ | ကောင်း | | | သုံး | ၀.၇၆ ကီလို |
| ချဉ်းကပ်လမ်း | ၁ | သင့် | | | သုံး | သစ်ပုတ်ကုန်း-အိမ်ချောင်းလေး-ကွင်းပေါက်ကြီး ကျေးလက်လမ်း ၂.၄ ကီလို |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁.၅ မိုင်ရှည်သော သစ်ပုတ်ကုန်း-အိမ်ချောင်းလေး- ကွင်းပေါက်ကြီး ကျေးလက်လမ်းကို ၁၉၉၈/၉၉ ခုနှစ် တွင် စတင် ဖောက်လုပ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် ပုသိမ်စည်ပင် မှ ကျောက်ခင်းလမ်း အဖြစ် တိုးမြှင့် ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာတွင်းလမ်းများကို လွှတ်တော်ရန်ပုံငွေ သိန်း (၃၀) နှင့် ကျေးရွာမှ ထည့်ဝင်ငွေ သိန်း (၇၀) ဖြင့် ၂၀၁၃/၂၀၁၄ ခုနှစ်တွင် (၂၂၅၀) ပေကို ကွန်ကရစ် လမ်းခင်း နိုင်ခဲ့ပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | | | | | |
| တံတား | ၁၂၀’ x ၁၂’ | ကောင်း | ၂၀၁၅ | | သုံး |
| ကြိုးတံတား | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး |
| မြစ်ကြောင်း | | ၁ | | ၁ |
| ပင်လယ်ရေကြောင်း | | | | |

၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၂ | ၂ | ၈ | ၅၁ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်း နှင့် ကားလမ်း နှစ်ခုစလုံးကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင် ပါသည်။

## ၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်း ရေးစနစ် (ကောင်း /သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၂၇ | သင့် | မိုးရာသီတွင်နေရောင်ခြည်ရရှိမှုနည်းသဖြင့်အခက်အခဲ ရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ(အခြား) | ၇၇ | သင့် | ကုန်ကျစရိတ်များ၊ မီးဘေးအန္တရာယ်ရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွင်းပေါက်ကြီးကျေးရွာတွင် မီးအလင်းရောင်အတွက် ဖယောင်းတိုင်နှင့် မီးခွက်ကိုသာ သုံးစွဲ နေရပြီး၊ ဆိုလာမီးအလင်းကို အိမ်ခြေ (၂၇) ကျော်သာလျှင် မိမိ အစီအစဉ်ဖြင့်သာ ဝယ်ယူသုံးစွဲ နေပါသည်။ ပုသိမ်-ငါးပြေမ လျှပ်စစ်ဓာတ်အားလိုင်း တပ်ဆင်နေသောကာလ ဖြစ်သောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာ နိုင်ပါသေးသည်။ ကျေးရွာလူထုမှ ဆိုလာမီးလင်းရေးသာ စိတ်ဝင်စားကြပါသည်။

## ၂.၁၀ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာ နှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|

| အရေ အတွက် | ၆၂ | | | | | |
|---|---|---|---|---|---|---|

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် Telenor, ဖုန်းလိုင်းအများဆုံး ဆက်သွယ်နိုင်ပါသည်။ Ooredoo, MPT ဖုန်းလိုင်းများ ဆက်သွယ်ရေး မကောင်းလှပါ။ ကျေးရွာ စာကြည့်တိုက်ရှိသော်လည်း စာဖတ်လေ့လာခြင်း အလွန် အားနည်း လှပါသည်။

## ၂.၁၁ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု | မရှိ | |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| အားကစားပစ္စည်းများအား လက်လှမ်းမှီမှု | မရှိ | ကျေးရွာ အားကစားကွင်းမရှိပါ၊ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | |
| စာကြည့်တိုက်၊အင်တာနက် စသည်များအား လက်လှမ်းမှီမှု | ရှိ | အင်တာနက်သုံးစွဲသူ လူငယ်များ များပြား လာပြီး၊ စာကြည့်တိုက်၌ စာပေလေ့လာသော ဓလေ့ နည်းပါးပါသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ယခင်က လမင်းသစ္စာ လူငယ်အဖွဲ့ ဖွဲ့စည်း၍ ရန်ပုံငွေ ကောက်ခံ၍ ငွေကြေးပံ့ပိုးမှုများ ရှိခဲ့ပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာ၌ ကိုယ်ထူကိုယ်ထ တည်ထောင်ထားသော စာကြည့်တိုက် ရှိသော်လည်း တစ်ခါတစ်ရံ၌သာ စာကြည့်မည့် သူရှိပါသည်။ လူငယ်စွမ်းရည်မြှင့်တင်ရေး သင်တန်းပေးရန် အဆိုပြုကြပါသည်။

## ၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု | မရှိ | |
| အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု | မရှိ | |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | |
| ရဲစခန်းများအား လက်လှမ်းမှီမှု | မရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင် စီမံပေးခြင်း မရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အတွက် ရေဒီယို၊ TV တို့မှ သိရှိရပါသည်။ သလပ်ခွာ တိုက်နယ်ကျေးရွာတွင် ရဲစခန်း တည်ရှိ ပါသည်။

### ၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **ပြင်းထန်/မထန်** | **၂ (မရှိ)** | **၂ (မရှိ)** | **မရှိ** | **၂ (မရှိ)** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၃၀-၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁။ စိုးရိမ် ၂။ သာမာန်

## အခန်း (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကွင်းပေါက်ကြီးကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီး ဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့် နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့ သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများရှိသလို တစ်ဘက်တွင်လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများ ရှိပါသည်။ ထို့ကြောင့် ကိုးကားစာရွက်စာတမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိသူများ နှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိ ဦးတည်အုပ်စုများနှင့် ဆွေးနွေးချက်များကို အခြေခံ၍ ကျောင်းနိမ့်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ထုတ်ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလားအလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
| --- | --- | --- |
| လူသား အရင်းအမြစ် | • ကွင်းပေါက်ကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၁၄၈) ဦး နှင့် မ (၁၄၉) ဦး၊ စုစုပေါင်း ၂၉၇) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၈၄) % အထိ ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်နိုင်သည့် လူသားအရင်းအမြစ်များပေါ်များသည့် အပြင် ကျေးရွာ ၏ လယ်ယာ စိုက်ပျိုး ထုတ်လုပ်ခြင်း လုပ်ငန်း အတွက်လည်း မှီခိုအားထားမှု ပြုနိုင်မည့် အခွင့်အလမ်း တစ်ခု ဖြစ်ပါသည်။<br>• လူငယ်များအား ကျွမ်းကျင်မှု နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏ လူ့အရင်းအမြစ် တိုးတက်မှုနှင့် ဘက်စုံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလားအလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲ ပြီး ကောင်းမွန်စွာ တိုင်ပင် ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။ | ပညာရေး နှင့် လူငယ် အုပ်စု များ နှင့် အုပ်စုငယ်ဖွဲ့ ဆွေးနွေးခြင်း |
| သီးနှံ ထုတ်လုပ် | • ကွင်းပေါက်ကြီးကျေးရွာတွင် မိုးစပါး၊နွေစပါး နှမ်းသီး စိုက်ပျိုး | စိုက်ပျိုးရေးအုပ်စု |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| ရေး | ထုတ်လုပ် နိုင်သည်။ ရောင်းချချိန်တွင် စပါးဈေးနှုန်း မကောင်း၍ မိမိ လုပ်အားခ ပြန်ရရုံ ထုတ်လုပ်မှု အဆင့်သာဖြစ် သော်လည်း လယ်သမား မိသားစုများနှင့် ကျဘမ်း လုပ်ငန်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ စပါးအခြေခံ ရောင်းဝယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်များတွင် ရောင်းဝယ် ဖောက်ကားသူ စသည်ဖြင့် စပါးထုတ်လုပ်မှု တစ်ခုမှ ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့် ဖူလုံစေသည်ဟု ဆိုရမည် ဖြစ်ပါသည်။<br>• ထို့အပြင် စပါးစိုက်တောင်သူများသည် ၎င်းတို့၏ တိုတောင်းသော စပါးရိတ်သိမ်းကာလ (၂) ခုတွင် ရိတ်သိမ်း ခြွေလှေ့ စက်များ ငှားရမ်း အသုံးပြုမှသာ အချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ရာ တောင်သူဦးဆောင်အဖွဲ့များမှ မြို့ပေါ်ရှိ စက်ပိုင်ရှင်များနှင့် ချိတ်ဆက် ဆွေးနွေး၍ သော်လည်းကောင်း၊ ရိတ်သိမ်း ခြွေလှေ့စက် ရောင်းချသည့် ကုမ္ပဏီများနှင့် ဆွေးနွေးခြင်းဖြင့် သော်လည်းကောင်း လယ်ယာလုပ်ငန်း ရိတ်သိမ်းသည့်လုပ်ငန်းများကို ကျေးရွာနှင့် လျော်ညီသော ချွေလှေ့စက် ဝန်ဆောင်မှုများအား ရရှိနိုင်ပါသည်။<br>• ၎င်းအပြင် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းဖြစ်ရာ ဈေးကွက်နှင့် ကိုက်ညီသော ဆန်အရည်အသွေး ရနိုင်မည့် စပါးမျိုးများ စမ်းသပ် စိုက်ပျိုးလာနိုင်မည်ဆိုလျှင် လယ်ယာလုပ်ငန်းကို မှီခိုမှုပြုနေသည့် အိမ်ထောင်စုများစွာ အတွက် ဝင်ငွေ တိုးလာ မည် ဖြစ်ပါ သည်။ ထို့ကြောင့် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များ စမ်းသပ်လုပ်ကိုင်နိုင်ရန်အတွက် သက်ဆိုင်ရာ စိုက်ပျိုးရေး ဦးစီးဌာန၊ အကျိုးတူ လုပ်ကိုင်နိုင်မည့် စိုက်ပျိုးရေးအခြေခံ ကုမ္ပဏီ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက် လုပ်ကိုင်ရမည်သာ ဖြစ်ပါသည်။<br>• ကွင်းပေါက်ကြီးကျေးရွာတွင် မိုးစပါး၊ နွေစပါး စိုက်ပျိုး ထုတ်လုပ်နိုင်သည့် ကျေးရွာတစ်ခုဖြစ်ရာ မိုးရာသီ ရေကြီးရေလျှံမှုများကြောင့် စပါးများ အထွက်နှုန်း ကျဆင်းနေခြင်း အတွက် ရေထုတ်မြောင်းများ တူးဖော်ခြင်း၊ နွေစပါးအတွက် အောင်ရေလုံလောက်စေမည့် ရေသွင်းမြောင်းများ ပြန်လည်တူးဖော်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင် မည်ဆိုပါက ဆန်စပါး စိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ်များ ရရှိလာနိုင်၍ ကျေးရွာအုပ်စု အတွင်းရှိ လယ်သမားများမှ တက်ကြွစွာ ပူးပေါင်း ပါဝင်လာမည်ဖြစ်ပါသည်။<br>• စိုက်ပျိုးသီးနှံများ အထွက်တိုးနည်းပညာများ ကျင့်သုံး လာနိုင်စေရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံ အထွက်တိုး နည်းပညာများအား ဖြန့်ဝေပေးနေသည့် အတွက် ကွင်း | နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | ပေါက်ကြီးကျေးရွာမှ တောင်သူဦးဆောင် အဖွဲ့များမှ အဆိုပါ နည်းပညာ ဖြန့်ဝေပေးနိုင်သည့် ဦးစီးဌာနများ၊ အခြားသော အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ နည်းပညာ လွှဲပြောင်း လက်ခံမှု အဆင့်ဆင့်ကို ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။ | |
| တိရစ္ဆာန် မွေးမြူရေး | • တိရစ္ဆာန်မွေးမြူရေး ကဏ္ဍတွင် ပုသိမ်ဈေးကွက်အား အမှီပြု၍ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် အထိ မွေးမြူနိုင်ပါသည်။ စပါးစိုက်ပျိုးထုတ်လုပ်သည့် ကျေးရွာတစ်ခုဖြစ်သည့် အားလျော်စွာ ဝက်အစာဖြစ်သည့် ဖွဲနုကို ကျေးရွာဆန်စက်များမှ အလွယ်တကူ ဝယ်ယူ ခြင်းဖြင့် သော်လည်းကောင်း၊ မိမိတို့ စပါးကြိတ်ခွဲစဉ်ရရှိသော ဖွဲနု စသည်ဖြင့် ဝက်မွေးမြူရေးအတွက် အစာကို ရရှိနိုင်ပါသည်။<br>• ထို့အပြင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော မိသားစုများသည်လည်း ပုသိမ်မြို့ပေါ်ရှိ ရေထွက်ပစ္စည်း ဈေးကွက်နှင့် ချိတ်ဆက်၍ ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည့် အခွင့်အလမ်း ရှိနေပါသည်။ | မွေးမြူရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေးခြင်း |
| စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ အနေဖြင့် ပုသိမ်ဈေးကွက်ကို အမှီပြု၍ လက်မှုအထည် ပစ္စည်းများတင်ပို့ရောင်းချခြင်း၊ စပါးစိုက်ပျိုးသော ကျေးရွာ ဖြစ်သောကြောင့် ဆန်ဖြင့်ထုတ်လုပ်သောမုန့် စသည်ဖြင့် ကျေးရွာ ထုတ်ကုန် တစ်ခုအား အစုအဖွဲ့ဖြင့် ဖြစ်စေ၊ မိသားစုအလိုက် တစ်ပိုင်တစ်နိုင်ဖြစ်စေ ထုတ်လုပ်ပြီး အနီးဆုံး ပုသိမ် ဈေးကွက်အား တင်ပို့ ရောင်းချနိုင်မည့် အခွင့်အလမ်းများ ရှိပါသည်။ | စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ချေးငွေ ဝန်ဆောင်မှု | • စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စု အများစုမှ အသက်မွေးမှု ပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ သမဝါယမချေးငွေများကို လက်လှမ်းမှီသည့် အတွက်ကြောင့် မိမိတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက် သင့်တော်သော ရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ပညာရေး | • ကွင်းပေါက်ကြီးကျေးရွာတွင် နှစ်စဉ်တိုးတက်လာသော မူလတန်းအရွယ် ကျောင်းသားများ များပြားလာသည့်အပြင် ကျောင်းဆောင်မှာ နှစ်ကာလကြာမြင့်မှုကြောင့် အခင်းများ ဆွေးမြေ့လာရာ ပြုပြင်ရန် အတွက် ကျေးရွာမှ တတ်နိုင်သည့် အပိုင်းများတွင် ထည့်ဝင် လှူဒါန်း နိုင်အောင် ဆော်ဩစည်းရုံး၍ အလှူရှင်များအား ရှာဖွေချိတ်ဆက်ခြင်း နှင့် မြို့နယ်ပညာရေး ဦးစီးဌာနထံတင်ပြခြင်း စသည့်နည်းလမ်းများအား အသုံးပြုနိုင်မည်ဖြစ်ရာပညာရေးကဏ္ဍ တိုးတက်လာစေရေး အတွက် | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | အလားအလာကောင်းများဟု ဆိုနိုင်ပေသည်။ | |
| ကျန်းမာရေး | • ကွင်းပေါက်ကြီးကျေးရွာတွင် အရံသားဖွား ဆရာမ (၁) ဦး ရှိသဖြင့် မီးဖွားသည့် အလုပ်များတွင် ကူညီ ပေးနိုင်ပါသည်။ အစိုးရ အသိအမှတ်ပြု ကျေးလက် ကျန်းမာရေး ဌာနခွဲအတွက် မြေနေရာနှင့် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် တတ်နိုင်သော ငွေအင်အားများဖြင့် ပါဝင်နိုင်မည်ဖြစ်ရာ ကျန်းမာရေး ဦးစီးဌာနထံ တင်ပြ၍ အကူအညီများ ရရှိလာခဲ့ပါက မိမိတို့ ကျေးရွာ၏ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိလာမည်ဖြစ်ပါသည်။ | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |
| ရေ အရင်းအမြစ် | • ကွင်းပေါက်ကြီးကျေးရွာတွင် သောက်ရေကို ကျေးရွာရှိ ရေကန်မှ ရရှိသော်လည်း ပူပြင်းခြောက်သွေ့သော နွေကာလ တစ်လခွဲတွင် ရေလုံလောက်မှု မရှိခြင်းကြောင့် (၄)လက်မ စက်ရေတွင်း တစ်တွင်းအား တူးဖော်နိုင်ပါက ရာသီမရွေး လုံလောက် သွားနိုင်ပါသည်။ လက်ရှိအခြေအနေတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသသောက်သုံးရေ လုံလောက်ရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် မကြာမီကာလများတွင် သောက်သုံးရေ ဖူလုံသွားမည့် အလားအလာများ ရှိနေပါသည်။ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့လည်း တင်ပြ ထားပြီး ဖြစ်ပါသည်။ | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |
| လမ်း၊ တံတား | • ပုသိမ်မြို့နှင့် ဆက်သွယ်နိုင်မည့် ကျေးရွာချင်း ဆက်လမ်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ သူတော်ကုန်း တံတားအား ကွန်ကရစ်တံတားအဖြစ် ပြန်လည် တည်ဆောက်ခြင်း စသည်တို့ကို အဆင့်မြှင့် တင်နိုင်ပါက ရာသီမရွေး သွားလာဆက်သွယ်နိုင်မည် သာမက ကျေးရွာ၏ ပညာရေး၊ စီးပွားရေး လုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ပါသည်။ ကျေးရွာချင်း ဆက်လမ်းအား ပုသိမ် စည်ပင်သာယာရေးဦးစီးဌာနမှ ကျောက်ခင်းလမ်းဖြစ် အဆင့်မြှင့်တင်ပေးသည့် လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိခဲ့သည့် အားလျော်စွာ အဆိုပါ လမ်းအားကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရာတွင် သက်ဆိုင်ရာဦးစီးဌာနများအပြင် ပြင်ပပုဂ္ဂလိက အလှူရှင်များနှင့်ပါ ပူးပေါင်းဆောင်ရွက်လာနိုင်မည့် အလားအလာများ ဖြစ်ပေသည်။ | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |
| လူငယ် နှင့် ယဉ်ကျေးမှု | • ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများ အတိုင်း ဝေယျာဝစ္စ လုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ | လူငယ် အုပ်စုနှင့် အုပ်စုငယ်ဖွဲ့ ဆွေးနွေးခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခွင့်အလမ်းတစ်ရပ်လမ်း ဖြစ်သည်။ | |

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး | • ကွင်းပေါက်ကြီးကျေးရွာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ကျေးရွာအတွင်း အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေး ကဏ္ဍမှ လွဲ၍ အဖွဲ့တစ်ခု နှင့် တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထု အနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များ နှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ် ဖြစ်သည်။ | ပညာရေး နှင့် လူငယ် အုပ်စု များ နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |
| သီးနှံ ထုတ်လုပ် ရေး | • ကွင်းပေါက်ကြီးကျေးရွာတွင် စပါးခင်းများအချိန်မီ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်း ခြွေလှေ့စက်များ ငှားရမ်း အသုံးပြုလိုသော်လည်း လယ်ကွက်များ၏ အ ကျယ်အဝန်းမှာ ကျဉ်းမြောင်းခြင်း၊ ရိုးချောင်းများ ပေါများ၍ စက်ရွေ့ရာတွင် အချိန်ကြန့်ကြာမှုရှိခြင်း စသည်တို့ကြောင့် မိမိတို့ ကျေးရွာနှင့် သင့်တော်မည့် စက်အားငှားရမ်းရန် ခက်ခဲ နိုင်ပါသည်။<br>• ကွင်းပေါက်ကြီးကျေးရွာရှိ စပါးစိုက်ခင်းများသည် မိုးရာသီတွင် ရေကြီးရေလျှံမှုများကြောင့် စပါးခင်းများ ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ခြင်းကြောင့် ပြင်ပ အကူအညီ တစ်ခုခုဖြင့် ရေထုတ်မြောင်းဖောက်မည်ဆိုပါက ရေထုတ်မြောင်း ဖောက်မည့် လမ်းကြောင်း တစ်လျှောက်ရှိ လယ်မြေများမှ လယ်ပိုင်ရှင် တစ်ချို့၏ ကန့်ကွက် ဟန့်တားမှုများနှင့် ကြုံတွေ့ ရနိုင်ခြင်းကြောင့် အခက်အခဲများစွာ ဖြစ်နိုင်ပါသည်။<br>• စပါးအထွက်တိုးနည်းပညာများကို နည်းပညာ ဝန်ဆောင်မှု အဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သော သွင်းအားစုများကို အချိန်မီ ထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်းပညာများ၏ ရလဒ်ကို အထင်အရှား မမြင်ရနိုင်၍ | စိုက်ပျိုးရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူ အားလုံး အကျိုးအမြတ် ဖြစ်ထွန်းလာရန် အချိန်များစွာ ယူရအုံးမည် ဖြစ်ပါသည်။<br>• ၎င်းအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အချို့သော လုပ်ငန်းများ(ဥပမာ-ရေသွယ်ယူခြင်း၊ မြောင်း ဖော်ခြင်း၊ ပိုးမွှားရောဂါအား စုပေါင်းကာကွယ်ခြင်း၊) တို့တွင် တောင်သူ တစ်ဦးတည်းဖြေရှင်း၍ မရနိုင်ပဲ စုပေါင်းလုပ်ကိုင်ကြ ရသည် ဖြစ်ရာ ၎င်းအခက်အခဲများ နှင့် ကြုံတွေ့လာတိုင်း ရင်ဆိုင် ဖြေရှင်းရန်အတွက် တောင်သူအားလုံး စုပေါင်း ပါဝင်ဖို့ စည်းစည်းရုံးရုံး ဆောင်ရွက်တတ်သည့် အလေ့အထများ မရှိသဖြင့် အခက်အခဲများ ကြုံတွေ့ရဦးမည်ဖြစ်ပါသည်။ | |
| တိရစ္ဆာန် မွေးမြူရေး | • ရောဂါ ဖြစ်ပွားမှုကို အချိန်မှီ မကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်းတို့အပြင် မွေးမြူရေး ဈေးကွက် သဘောတရားများ နှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှု မရှိခြင်း ကြောင့် ကျေးရွာ၌ မွေးမြူရေး ကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် မွေးမြူ လာကြရန် မဝံ့မရဲ ဖြစ်နေကြပါသည်။ | မွေးမြူရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေးခြင်း |
| တွင်စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အတွက် နီးစပ်ရာ ကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များ ရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။ | စိုက်ပျိုး မွေးမြူရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေးခြင်း |
| ချေးငွေ ဝန်ဆောင်မှု | • ကွင်းပေါက်ကြီးကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များမှ ချေးငွေများ ရရှိသော်လည်း တင်းကျပ်သော ချေးငွေစည်းမျဉ်း စည်းကမ်းများ နှင့် ချေးငွေကာလ တိုတောင်းခြင်းများသည် တောင်သူများ၏ အကျိုးအမြတ် ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲဖြစ်သည်။ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် စိုက်ပျိုး မွေးမြူရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေးခြင်း |
| ကျန်းမာရေး | • ကွင်းပေါက်ကြီးကျေးရွာနှင့်မနီးမဝေးတွင် ကြက်ပေါင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ၍ ၎င်းကျန်းမာရေးဌာနခွဲမှ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိနိုင်သဖြင့် ကျန်းမာရေး ဦးစီးဌာန အနေဖြင့် ဝန်ထမ်းနှင့် အဆောက်အဦးကို ကျေးရွာတွင် ခွင့်ပြုပေးနိုင်ဖို့ရာ အခက်အခဲများ ရှိနိုင်ဦးမည် | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | ဖြစ်ပါသည်။ | |
| လမ်း၊ တံတား | • လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေး အတွက် ကျေးရွာ လူထုမှ မတည်ငွေလိုအပ်ခြင်း၊ သက်ဆိုင်ရာ မြို့နယ် ဦးစီး ဌာနများနှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ် နေပါသည်။ | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |
| လူငယ် နှင့် ယဉ်ကျေးမှု | • ကျေးရွာ၏ ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင် တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေနှင့် အင်တာနက်မှ တဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးနှင့်ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှု စွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက် နားလည်မှု အားနည်းကြသည်မှာ အနာဂတ် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့် အတားများ ဖြစ်ပါသည်။ | လူငယ် အုပ်စုနှင့် အုပ်စုငယ်ဖွဲ့ ဆွေးနွေးခြင်း |

## အခန်း (၄) ဦးစားပေးစီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် ကာလ

### ၄.၁။ ဦးစားပေး စီမံကိန်းများ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံကိန်း လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဇယား (၄၅-က) ဦးစားပေး စီမံကိန်းများ

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ် ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် |
|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍ*** | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။ | ၈၂ | ၄ | • စီမံခန့်ခွဲမှု သင်တန်း<br>• ခေါင်းဆောင်မှု သင်တန်း<br>• စာရင်းရေးသွင်းနည်း သင်တန်း |
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | |
| **အခြေခံ အဆောက် အဦး နှင့် နည်းပညာ သင်တန်း** | ၂။ စပါးစိုက်ပျိုးထုတ်လုပ် ခြင်းမှ အကျိုးအမြတ် ပိုမို ဖြစ်ထွန်းလာစေရေး | ၈၁ | ၅ | • ကွင်းပေါက်ကြီးတံတား မှထိန်တန်း(ဝဲကလိုင်) အထိ ရေနုတ်မြောင်း ဖောက်လုပ် ခြင်း (၂၀′ x ၅′ x ၃ မိုင်)<br>• လက်ပံစံနုတ်တူးမြောင်း ပြန်လည်တူးဖော်ခြင်း။ (၁၅′ x ၆′ x ၇၀၀၀′)<br>• စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန်ဈေးကွက်သို့ တက် လှမ်းခြင်း။ |
| ***တိရစ္ဆာန် မွေးမြူရေး*** | | | | |
| **ဈေးကွက်နှင့် နည်း ပညာ သင်တန်း** | ၃။ တိရစ္ဆာန်ရောဂါ ကာ ကွယ် ကုသရေး နည်းပညာ နှင့် ဝန်ဆောင်မှုများ လက် လှမ်းမီရေး | ၈၆ | ၃ | • နည်းပညာဝန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေး ထွက်ကုန် မြင့်မားစေခြင်း။<br>• မြို့နယ် မွေး/ကု ဌာနနှင့် ချိတ်ဆက်ခြင်း။ |

| | | | | |
|---|---|---|---|---|
| | | | | • မွေးမြူရေးအတွက် ဈေးကွက် ချဲ့ထွင်မှု ရရှိရန်လုပ်ဆောင်ခြင်း။ |
| *အခြား ဝင်ငွေရ လုပ်ငန်းများ* | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၄။ အိမ်တွင်းပြုလုပ်နိုင်သည့် အသက်မွေးဝမ်းကြောင်းနည်းပညာ တိုးတက်ရန် ဆောင်ရွက်ရေး။ | ၇၈ | ၇ | • စိတ်ပါဝင်စားသောအိမ်ထောင်စု များအတွက် အိမ်တွင်းမှု ထုတ်ကုန်ပြုလုပ်နည်းသင်တန်း များပေးရန်<br>• ထုတ်ကုန်အတွက် ဈေး ကွက် ရှာဖွေရန်<br>• အလုပ်အကိုင်များ ဖန်တီးပေးရန် |
| *ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း* | | | | |
| **ချေးငွေ လက်လှမ်းမီရေး** | ၅။ လုံလောက်သောချေးငွေ ပမာဏအား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များ နှင့် ချိတ်ဆက်ရေး | ၉၆ | ၁ | • အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေး ပေးနိုင်မည့် ချေးငွေ ဌာနများနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ် သော အထောက်အထား များ ပြင်ဆင်ခြင်း |
| *ပညာရေး* | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ ပညာရေး ကဏ္ဍ တိုးတက်လာစေရေး | ၆၆ | ၁၀ | • မူလတန်းကျောင်းဆောင် တိုးချဲ့ရန်၊ ကြမ်းခင်းပြင်ဆင်ရန်နှင့် ကျောင်းပရိဘောဂ ဖြည့်တင်းခြင်း။<br>• မိုးရေလှောင်ကန် တည်ဆောက်ခြင်း။ |
| *ကျန်းမာရေး* | | | | |
| **ကျန်းမာရေး တိုးတက်လာစေရေး** | ၇။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာစေရေး | ၇၃ | ၈ | • ဆေးပေးခန်းနှင့် ဝန်ထမ်းအတွက် တောင်းခံ ခြင်း<br>• အသိပညာပေးဟောပြောပွဲများ စီစဉ်ပေးခြင်း<br>• ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။ |
| *ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး* | | | | |
| **သောက်သုံးရေ လုံလောက်စွာ ရရှိရေး** | ၈။ သောက်သုံးရေ လုံလောက်ရေး | ၈၈ | ၂ | • သောက်ရေကန် တစ်ကန် အား ခြံစည်းရိုး ကာရံ ခြင်း၊<br>• တုံကင်များ တပ်ဆင်ပေးခြင်း နှင့် ရေကန်လျှောက်လမ်း ပြုလုပ်ခြင်း။ |
| *လမ်းပန်း ဆက်သွယ်ရေး* | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ၉။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် လာစေရေး | ၇၈ | ၆ | • သစ်ပုတ်ကုန်း-အိမ် ချောင်းကလေး-ကွင်း ပေါက်ကြီးလမ်း ကွန် ကရစ်ခင်းရန်။( ၁.၅ မိုင်)<br>• သံကူကွန်ကရစ် တံတား (သူတော်ကုန်း) (၁) စင်း တည်ဆောက်ခြင်း |

| | | | | |
|---|---|---|---|---|
| | | | | (၁၂၀' x ၁၂ 'x ၁၅ ') |
| ***လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး*** | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၁၀။ ကျေးရွာမီးလင်းရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်ခြင်း နှင့် ရေရှည်လည်ပတ်ရန် စနစ်တစ်ခု တည်ထောင်ရေး | ၇၂ | ၉ | • မဟာဓာတ်အားလိုင်း မှ ကျေးရွာမီးလင်းရေး အကောင်အထည်ဖော်ရန်။ |

## ၄.၂။ စီမံကိန်း ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား (၄၅-ခ) စီမံကိန်း ကာလ

| စဉ် | စီမံကိန်း (Project) | ဦးစားပေး အဆင့် | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဥ္စမ နှစ် |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။ | ၄ | ✓ | | | | |
| ၂ | စပါးစိုက်ပျိုးထုတ်လုပ် ခြင်းမှ အကျိုးအမြတ် ပိုမို ဖြစ်ထွန်းလာစေရေး | ၅ | ✓ | ✓ | | | |
| ၃ | တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး နည်းပညာ နှင့် ဝန်ဆောင်မှုများ လက်လှမ်းမီရေး | ၃ | ✓ | ✓ | ✓ | | |
| ၄ | အိမ်တွင်းပြုလုပ်နိုင်သည့် အသက်မွေးဝမ်းကြောင်းနည်းပညာ တိုးတက်ရန် ဆောင်ရွက်ရေး။ | ၇ | | | ✓ | ✓ | |
| ၅ | လုံလောက်သောချေးငွေ ပမာဏအား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၁ | ✓ | ✓ | ✓ | ✓ | ✓ |
| ၆ | ကျေးရွာ၏ ပညာရေး ကဏ္ဍ တိုးတက်လာစေရေး | ၁၀ | ✓ | ✓ | | | |
| ၇ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး | ၈ | ✓ | ✓ | ✓ | ✓ | ✓ |
| ၈ | သောက်သုံးရေ လုံလောက်ရေး | ၂ | | ✓ | ✓ | | |
| ၉ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် လာစေရေး | ၆ | | ✓ | ✓ | ✓ | |
| ၁၀ | ကျေးရွာမီးလင်းရေးအတွက် လုပ်ငန်းအကောင် အထည်ဖော်ခြင်း နှင့် ရေရှည်လည်ပတ်ရန် စနစ်တစ်ခု တည်ထောင်ရေး | ၉ | | ✓ | ✓ | | |

## ၄.၃။ ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာဗျူဟာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေး အကူအညီများ ရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဇယား (၄၅-ဂ) ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်ထောင်ပေါင်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အထွေထွေရင်းနှီးမြှုပ်နှံမှု | အရေးပေါ်အထောက် အပံ့ |
| ၁ | လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များအား လက်လှမ်းမီရေး | ၀ | | | | |
| ၂ | သောက်သုံးရေ လုံလောက်ရေး | ၂,၅၀၀ | | ၂,၅၀၀ | | |
| ၃ | တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး နည်းပညာ နှင့် ဝန်ဆောင်မှုများ လက်လှမ်းမီရေး | ၀ | | | | |
| ၄ | ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။ | ၁,၀၀၀ | | ၁,၀၀၀ | | |
| ၅ | စပါးစိုက်ပျိုးထုတ်လုပ် ခြင်းမှ အကျိုးအမြတ် ပိုမို ဖြစ်ထွန်းလာစေရေး | ၇၄,၅၀၀ | ၅၀၀ | ၇၄,၀၀၀ | | |
| ၆ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် လာစေရေး | ၁၂၀,၀၀၀ | | ၁၂၀,၀၀၀ | | |
| ၇ | အိမ်တွင်းပြုလုပ်နိုင်သည့် အသက်မွေးဝမ်းကြောင်း နည်းပညာ တိုးတက်ရန် ဆောင်ရွက်ရေး။ | ၆,၀၀၀ | ၆,၀၀၀ | | | |
| ၈ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက် လာစေရေး | ၀ | | | | |
| ၉ | ကျေးရွာမီးလင်းရေးအတွက် လုပ်ငန်း အကောင် အထည်ဖော်ခြင်း နှင့် ရေရှည် လည်ပတ်ရန် စနစ်တစ်ခု တည်ထောင်ရေး | ၇,၄၀၀ | | ၇,၄၀၀ | | |
| ၁၀ | ကျေးရွာ၏ ပညာရေး ကဏ္ဍ တိုးတက် လာစေရေး | ၆,၆၀၀ | | ၆,၆၀၀ | | |

## အခန်း (၅) ဖွံ့ဖြိုးရေးကွင်းဆက်

ဇယား (၄၆) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ-အဖွဲ့အစည်း** | | | | | | |
| ၁။ | • အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် အားနည်းခြင်း။ | • စိတ်ပါဝင်စားမှုအားနည်းခြင်း<br>• ဦးဆောင်မှုအားနည်းခြင်း။<br>• တိကျသည့်လမ်းညွှန်မှုများမရရှိခြင်း။<br>• တာဝန်၊ ဝတ္တရားများအတိုင်း လုပ်ဆောင်နိုင်စွမ်းအားနည်းခြင်း။ | • နည်းပညာများ သင်ယူလိုစိတ်ရှိခြင်း။<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းပြီးခြင်း။<br>• နိုင်ငံတော်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစားပေး ဆောင်ရွက်နေခြင်း။ | • အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များ နှင့် အလှမ်းဝေးခြင်း။ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအား ဖွံ့ဖြိုးရေးသဘောတရားများ၊ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ မြှင့်တင်ခြင်း | ၁။ ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်ပေးရေး။<br>• စီမံခန့်ခွဲမှု သင်တန်း<br>• ခေါင်းဆောင်မှု သင်တန်း<br>• စာရင်းရေးသွင်းနည်း သင်တန်း |
| **ကဏ္ဍ-စိုက်ပျိုးရေး** | | | | | | |
| ၂။ | • မိုးရာသီတွင် စပါး စိုက်ခင်းများ ရေကြီးနစ်မြုပ် ၍ ဆုံးရှုံးမှုများခြင်း။<br>• နွေစပါးအောင်ရေ မလုံလောက်ခြင်း | • ရေထုတ်မြောင်းများ နည်းပါးခြင်း။<br>• စပါးစိုက်နေရာများသည် ဒေသ တပိုက်တွင်အနိမ့်ပိုင်း၌ ရှိခြင်း<br>• လက်ပံစံနုတ်တူးမြောင်းတိမ်ကောလာခြင်း။ | • ရေထုတ်မြောင်း ဖောက်နိုင်မည့် လမ်းအကြောင်း ရှိခြင်း<br>• လယ်မားများ တက်တက်ကြွကြွ ပါဝင် နေခြင်း။<br>• အုပ်စု(၃)စုမှလယ်ဧကများကိုအကျိုးပြုနိုင်ခြင်း။<br>• လယ်မားများ တက်တက်ကြွကြွပါဝင်နေခြင်း။<br>• လက်ရှိအသုံးပြုနေသော မြောင်းဖြစ်သည့် အတွက် | • ရေမြောင်းဖောက်ရန် အတွက် မြေနေရာပေးမည့်လယ်သမားများ မှ ကန့်ကွက်နိုင်ခြင်း။<br>• မြေတူးစက်များ ဝင်ရောက်ရန် အတွက် ရိုးချောင်းများ ခံနေခြင်း။ | • ရေထုတ်မြောင်းဖောက်လုပ်ခြင်း<br>• နည်းပညာဝန်ဆောင်မှု ဆိုင်ရာ ဥပဒေများ၊ မူဝါဒများ ပြုပြင်ခြင်း<br>• တူးမြောင်းပြန်ဖော်ခြင်း အတွက် အကူအညီ ပေးနိုင်မည့် အဖွဲ့အစည်းများထံ တင်ပြခြင်း | ၂။ စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာစေရေး<br>• ကွင်းပေါက်ကြီးတံတားမှထိန်တန်း(ဝဲကလိုင်) အထိ ရေနုတ်မြောင်း ဖောက်လုပ် ခြင်း (၂၀' x ၅' x ၃ မိုင်)<br>• လက်ပံစံနုတ်တူးမြောင်း ပြန်လည်တူးဖော်ခြင်း။ |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | | | စီမံကိန်း ပြီးစီးမှု မြန်ဆန်နိုင်ခြင်းနှင့် အကျိုးရှိမှု သေချာခြင်း။<br>• နွေစပါးကို အားထား စိုက်ပျိုးလိုစိတ်ရှိခြင်း။ | | | (၁၅' x ၆' x ၇၀၀၀')<br>• စပါးအထွက်တိုးနည်းပည ာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။ |
| | • ပိုးမွှားရောဂါ ကျရောက် ခြင်း | • ကာကွယ်နည်းစနစ်များ မသိရှိခြင်း | • နွေစပါးတွက် စိုက်ပျိုးရေ အလုံအလောက်ရ ရှိခြင်း<br>• သဘာဝ မြေသြဇာများကို အသုံးပြုနေကြဆဲဖြစ်ခြင်း | • နည်းပညာပေးအဖွဲ့အစည်းများ၏ အကူအညီပေးနိုင်မှုမှာ တောင်သူအများစုထံ သို့ မရောက်ရှိနိုင်ခြင်း။ | | |
| **ကဏ္ဍ-မွေးမြူရေး နှင့် ရေလုပ်ငန်း** | | | | | | |
| ၃။ | • အခါအားလျော်စွာ ကျရောက်သောရောဂါများကြောင့်မွေးမြူထားသော တိရိစ္ဆာန်များ ဆုံးရှုံးခြင်း။ | • အိမ်မွေးတိရစ္ဆာန်များ တွင် ကျရောက်တတ်သော ရောဂါများကို ကြိုတင်ကာကွယ် ကုသရန် အသိပညာ ဗဟုသုတ နည်းပါးခြင်း။ | • သဘာဂ အလျောက် တိရစ္ဆာန်အစာ အလွယ်တကူ ရရှိ နိုင်ခြင်း။<br>• ဝက်၊ ဘဲ စီးပွားဖြစ်မွေးမြူရန် စိတ်ဝင်စားသော မိသားစုများ ရှိခြင်း။ | • အဆင့်မြင့်မွေးမြူရေး နည်း စနစ်ကျင့်သုံးနိုင်မှု မရှိခြင်း။<br>• မွေးမြူရေးနည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း။ | • မွေးမြူရေးလုပ်ငန်း တိုးတက် လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးခြင်း | ၃။ တိရစ္ဆာန်ရောဂါ ကာကွယ် ကုသရေး နည်းပညာနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီရေး<br>• နည်းပညာဂန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုး ပေးခြင်း ဖြင့် မွေးမြူရေးထွက်ကုန် မြင့်မား စေ ခြင်း။<br>• မြို့နယ် မွေး/ကု ဌာနနှင့် ချိတ် ဆက်ခြင်း<br>• မွေးမြူရေးအတွက် ဈေးကွက် ချဲ့ထွင်မှု ရရှိရန်လုပ်ဆောင်ခြင်း |
| **ကဏ္ဍ-စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြား ဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၄။ | • အလုပ်အကိုင်ရှားပါးခြင်း (ဝါခေါင်၊တော်သလင်း၊သီတင်းကျွတ်၊တပေါင်း၊တန်ခူး) | • လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများ အစားထိုး သုံးစွဲလာခြင်း<br>• လုပ်ငန်းအပေါ်တွင်မူတည်၍ ထုတ်ချေးသောချေးငွေမရှိခြင်း<br>• ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကြောင်းပညာများမရှိခြင်း(စက်ချုပ်၊မုန့်မျိုးစုံ၊စက်ပြင်၊ဆိုင်ကယ်ပြင်)<br>• စုပေါင်းလုပ်ကိုင်သည့် အလေ့အထမရှိခြင်း | • ဒေသတွင်းမှလူငယ်၊လူရွယ် များမှာ ဒေသတွင်းပင် လုပ်ကိုင်လိုစိတ်ရှိခြင်း<br>• ဝင်ငွေရရှိသည့် အခွင့်အလမ်းများအပေါ်တွင် စိတ်ပါဝင်စားမှုရှိခြင်း နှင့် လုပ်ကိုင်လိုစိတ်များခြင်း<br>• ပုသိမ်၊ငွေဆောင်နှင့်အနီးအနားကျေးရွာများစသည့် ဈေးကွက်များရှိခြင်း | • ချေးငွေထုတ်ချေးမည့်အဖွဲ့များမရှိခြင်း<br>• စက်ရုံ၊အလုပ်ရုံများတွင် လုပ်ကိုင်ရန် စာရင်းပေးထား သော်လည်း ခေါ်ယူမှု မရှိသေးခြင်း။ | • တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရန် အတွက် သင်တန်းများ တက်ရောက်စေခြင်း။<br>• ဝန်ဆောင်မှု အသက်မွေး ဝမ်းကြောင်း သင်တန်းများ တက်ရောက်စေခြင်း။ | ၄။အိမ်တွင်းပြုလုပ်နိုင်သည့် အသက်မွေး ဝမ်းကျောင်း နည်းပညာ တိုးတက်ရေး ဆောင်ရွက်ရန်။<br>• စိတ်ပါဝင်စားသောအိမ်ထောင်စု များအတွက် အိမ်တွင်းမှု ထုတ်ကုန် ပြုလုပ်နည်းသင်တန်း များပေးရန်<br>• ထုတ်ကုန်အတွက် ဈေးကွက် ရှာဖွေရန်<br>• အလုပ်အကိုင်များ ဖန်တီး ပေးရန် |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၅။ | • စိုက်စရိတ် ချေးငွေကို အမြန် ပေးဆပ်ရသဖြင့် စပါးဈေး ကောင်းသည် အထိ မစောင့်နိုင်ပဲ စပါးပေါ်ပေါ်ချင်း ထုတ်ရောင်းရ ခြင်း။ | • ချေးငွေပမာဏ နည်းပါးခြင်း<br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် မှ (၆) လသာ ထုတ်ချေးခြင်း။<br>• စပါးပေါ်ပေါ်ချင်း ရောင်းရခြင်း။<br>• အရင်းအနှီးမရှိခြင်း။<br>• စပါးဈေးနှုန်း ကျဆင်းခြင်း။ | • မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ စိုက်ပျိုးရေးချေးငွေ၊ သမဝါယမ မှ စိုက်ပျိုးရေးချေးငွေ၊ ပက်-မြန်မာ မှ ချေးငွေတို့ကို လက်လှမ်းမီခြင်း<br>• လက်ရှိ မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အပြင် သွင်းအားစုများ (ဓာတ်မြေ | • ချေးငွေကို အကန့်အသတ် ဖြင့်သာ ထုတ်ပေးသည့် စနစ်ကို လက်ရှိတွင် ကျင့်သုံး နေခြင်း။<br>• ကုမ္ပဏီများမှ ထုတ်ပေး သော သွင်းအားစုအတွက် အတိုးနှုန်းများပြားခြင်း | | |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | | | ဩဇာ) အတွက်ချထားပေး သည့် ကုမ္ပဏီရှိခြင်း။ | | • ငွေကြေးဝန်ဆောင်မှုကဏ္ဍ တိုးတက်အောင် ပြုပြင် ပြောင်းလဲခြင်း။<br>• ရင်းနှီး မတည်ငွေ ရရှိရန် ဆောင်ရွက်ခြင်း | ၅။ လုံလောက်သောချေးငွေ ပမာဏအား သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များ နှင့် ချိတ်ဆက်ရေး<br>• အသက်မွေးဝမ်းကျောင်း လုပ် ငန်းပေါ်မူတည်၍ ထုတ်ချေး ပေးနိုင်မည့် ချေးငွေ ဌာနများနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ် သော အထောက်အထား များ ပြင်ဆင်ခြင်း |
| ၆။ | • မွေးမြူရေး အတွက် အရင်းအနှီး မတတ်နိုင်ခြင်း။ | • ဝင်ငွေနည်းပါးခြင်း။<br>• ချေးငွေရရှိနိုင်သောနေရာ လက်လှမ်း မမှီခြင်း။။ | • သဘာဂ အလျောက် တိရိစ္ဆာန်အစာ အလွယ်တကူရရှိ နိုင်ခြင်း။<br>• မွေးမြူရေး စိတ်ဝင်စား သော မိသားစုများ ရှိခြင်း။ | • အဆင့်မြင့်မွေးမြူရေး နည်း စနစ်အားနည်းခြင်း။<br>• မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုအကန့် အသတ် ရှိခြင်း။ | | |
| ၇။ | • ရေလုပ်ငန်းအတွက် ရင်းနှီးမတည်ငွေမတ တ်နိုင်ခြင်း | • အရင်းအနှီးစိုက်ထုတ်ပေးမည့် အဖွဲ့ အစည်းများနှင့် ချိတ် ဆက်နိုင်မှု အားနည်းခြင်း (NGO/INGO/DRD) | • ငဝန်မြစ်အတွင်း အလွယ် တကူ ငါးဖမ်းဆီးနိုင်ခြင်း<br>• ကုန်ကျစရိတ် နည်းပါးခြင်း (၁.၅သိန်း၊၂သိန်း) | • ငါးဖမ်းရာသီ အကန့် အသတ် ရှိခြင်း။<br>• ကာလရှည်ချေးငွေ အကူ အညီပေးရေး အဖွဲ့များ ဒေ သတွင်း လုပ်ငန်းအကောင် အထည် မဖော် သေးခြင်း | | |
| ၈။ | • ဝင်ငွေတိုးလုပ်ငန်း များ အတွက် ငွေအရင်းအ နှီး မတတ်နိုင်ခြင်း | • လုံလောက်သော ရင်းနှီးငွေ မရရှိ ခြင်း | • ဝင်ငွေရလုပ်ငန်းများ လုပ် ကိုင်ရန် စိတ်အားထက်သန် ခြင်း | • အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ယူရန် အခွင့်အလမ်း နည်းခြင်း | | |
| **ကဏ္ဍ-ပညာရေး** | | | | | | |
| ၉။ | • ကျောင်းဆောင်မလုံ လောက်ခြင်း။<br>• ကျောင်းသားများ အတွက် သောက်သုံး ရေရှားပါးခြင်း။<br>• စာရေးခုံများ မလုံလောက်ခြင်း | • ကျောင်းကြမ်းပြင်များကျွံ ကျနေခြင်း။<br>• ကျောင်းသားဦးရေ များနေ ခြင်း။<br>• သောက်ရေကန် နှင့် ဝေးကွာ ခြင်း။<br>• စာရေးခုံများ ဟောင်းနွမ်းနေ | • တိုးတက်လာသော ကျောင်းသားများ အတွက် အဆင်ပြေစွာ သင်ကြား နိုင်ခြင်း<br>• ကျောင်းသားများ၏ ကျန်း မာရေးအတွက် အထောက် အကူ ပြုနိုင်ခြင်း | • ငွေကြေးကုန်ကျစရိတ် မတတ်နိုင်ခြင်း<br>• ကျေးရွာ၏အခြားကဏ္ဍမျ ား တိုးတက်ရန် အား ထည့် နေရသဖြင့် ပညာ ရေး ကဏ္ဍရန်ပုံငွေအတွက် အားမစိုက်နိုင်တော့ခြင်း | • ကျောင်းဆောင်တိုးချဲ့ရန် အခင်းပြင်ဆင်ရန်နှင့် စာရေးခုံများ ဖြည့်ဆီးရန် ။<br>• မိုးရေလှောင်ကန်တည် ဆောက်ရန် | ၆။ ကျေးရွာ၏ ပညာရေး ကဏ္ဍ တိုးတက်လာစေရေး<br>• မူလတန်းကျောင်းဆောင် တိုးချဲ့ရန်၊ ကြမ်းခင်းပြင် ဆင်ရန် နှင့် ကျောင်းပရိ ဘောဂ ဖြည့်တင်းခြင်း။<br>• မိုးရေလှောင်ကန်တည် |

| စဥ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | | ခြင်း။ | | | | ဆောက်ခြင်း။ |
| **ကဏ္ဍ-ကျန်းမာရေး** | | | | | | |
| ၁၀ | • ဆေးပေးခန်းမရှိခြင်း<br>• ကျန်းမာရေးအသိပညာ အားနည်းခြင်း<br>• ကျန်းမာရေးလုပ်သားမ ရှိခြင်း | • အသေးစားကျန်းမာရေးအတွက် ဆေးတပ်မှ ဆေးမှူးကို အားထားရခြင်း။<br>• ပုသိမ်နှင့်(၈)မိုင်ဝေးခြင်း<br>• ဗဟုသုတရရှိရန် ကြိုးစားမှုမရှိခြင်းနှင့်လိုက်နာမှု အားနည်းခြင်း<br>• ကျန်းမာရေး သင်တန်းများနှင့် ချိတ်ဆက်မှု အားနည်းခြင်း | • ဆေးပေးခန်း အတွက် နေရာနှင့် အဆောက်အဦး အဆင်သင့် ရှိနေခြင်း<br>• သင်တန်းတက်ရောက်ရန် အတွက် စိတ်ပါဝင်စားသော လူငယ်များ ရှိခြင်း။<br>• ဆေးပေးခန်း ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာနေ လူထု၏အသေးစားကျန်းမာရေး အတွက်လုံခြုံစိတ်ချရခြင်း | • ကျန်းမာရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်မှု အားနည်းနေခြင်း | • ဆေးဝါးပစ္စည်းနှင့် ကျန်းမာရေး ဝန်ထမ်းရရှိရန် ဆောင်ရွက်ခြင်း။<br>• အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။<br>• ကျန်းမာရေးလုပ်သားများ မွေးထုတ်ခြင်း။ | ၇။ ကျေးရွာ၏ ကျန်းမာရေး ကဏ္ဍ တိုးတက်လာစေရေး<br>• ဆေးပေးခန်းနှင့်ဝန် ထမ်းအတွက် တောင်းခံ ခြင်း<br>• အသိပညာပေးဟောပြောပွဲများ စီစဉ်ပေးခြင်း<br>• ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။ |
| **ကဏ္ဍ-သောက်သုံးရေ ရရှိရေး** | | | | | | |
| ၁၁ | • သောက်ရေ အတွက် လုံလောက်မှု မရှိခြင်း | • သောက်ရေကန် (၂) ကန်ရှိသော်လည်း တစ်ကန်သာ သောက်ရေအတွက် ကောင်းမွန်ခြင်း | • ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ဌာန ရှိနေခြင်း<br>• ကျေးရွာမှလိုအပ်သော လုပ်အား ပါဝင် နိုင်ခြင်း | • ကုန်ကျငွေ မတတ်နိုင်တော့ ခြင်း | • ပြင်ပအလှူရှင် ရှာဖွေခြင်း နှင့် ရွာသူရွာသားများမှ တတ်နိုင်သည့်ဘက်မှ ပါဝင်ရေး အတွက် ဦးဆောင်မှု ပြုသူများက စည်းရုံး ဆော်သြရန်<br>• သောက်ရေကန်အား သန့်ရှင်းရေး ပြုလုပ်ရန်နှင့် ခြစည်းရိုးကာရံရန် | ၈။ သောက်သုံးရေ လုံလောက်ရေး<br>• သောက်ရေကန် တစ်ကန် အား ခြံစည်းရိုး ကာရံခြင်း၊<br>• တံုကင်များ တပ်ဆင်ပေး ခြင်း နှင့် ရေကန်လျှောက်လမ်း ပြုလုပ် ခြင်း။ |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ- လမ်း၊ တံတား** | | | | | | |
| ၁၂ | • ကျေးရွာချဉ်းကပ်လမ်း သွားလာရန်ခက်ခဲခြင်း | • မိုးများသောဒေသဖြစ်ခြင်း။<br>• လမ်းသားနိမ့်နေခြင်း။<br>• ရေလွှမ်းမိုးသောဒေသ ဖြစ်ခြင်း။ | • ကျေးရွာမှ လမ်းခင်းရန် ဆန္ဒပြင်းပြနေခြင်း<br>• ကျေးရွာမှဒေသထွက် ပစ္စည်း၊ လုပ်အားများ ပါဝင်နိုင်ခြင်း။ | • ကျေးရွာလူထုမှ လမ်းခင်း ရန် အတွေ့အကြုံ မရှိ ခြင်း။<br>• နည်းပညာ နှင့် ငွေကြေး လိုအပ်နေခြင်း။ | • အထောက်အပံ့ပေးနိုင်မည့် အဖွဲ့ အစည်းများနှင့် ချိတ် ဆက် ဆောင်ရွက်ခြင်း။ | ၉။ ပို့ဆောင်ရေး အခြေခံ အ ဆောက်အဦးများ တိုးတက် လာစေရေး<br>• (သစ်ပုတ်ကုန်း-အိမ် ချောင်းကလေး-ကွင်း ပေါက်ကြီး) လမ်း ကွန် ကရစ် ခင်းရန်။( ၁.၅ မိုင်)<br>• သံကူကွန်ကရစ် တံတား (သူတော်ကုန်း) (၁) စင်း တည်ဆောက်ခြင်း (၁၂၀' x ၁၂ 'x ၁၅ ') |
| ၁၃ | • သူတော်ကုန်း တံတား ခံနိုင်ရည်ကျဆင်းနေခြ င်း။ (၁၂၀ ပေ x ၁၀ ပေ x ၁၅ ပေ) | • တံတားသက်တမ်း ကြာမြင့်လာခြင်း။<br>• သစ်သားတံတားဖြစ်နေခြင်း | | | | |
| **ကဏ္ဍ- လျှပ်စစ်မီးရရှိရေး** | | | | | | |
| ၁၄ | • လျှပ်စစ်မီးမရှိခြင်း။ | • အိမ်ထောင်စု အများစုသည် ဆင်းရဲပြီး အရင်းအနှီး မရှိ ခြင်း။<br>• အရင်းအနှီးရှိသူအချို့မှလည်း လုံလောက်သော ငွေကြေး မစိုက်ထုတ်နိုင်ခြင်း။ | • ကျေးရွာမှ မီးလင်းရန် ဆန္ဒပြင်းပြခြင်း။ | • ကျေးရွာသားများအနေ ဖြင့် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီး တပ်ဆင်ရန် ငွေကြေး မတတ်နိုင်ခြင်း။ | • ကျေးရွာမီးလင်းရေးကော် မတီ ဖွဲ့စည်းစေရန်။<br>• ကျေးရွာမှကိုယ်ထူကိုယ်ထ မီးလင်းရေးလုပ်ဆောင် စေရန်။<br>• ပြင်ပမှလုပ်ငန်းရှင်များအား ဖိတ်ခေါ်စေရန်။<br>• အစိုးရဌာနနှင့်ချိတ်ဆက် တောင်းဆိုစေရန်။ | ၁၀။ကျေးရွာမီးလင်းရေးအ တွက် လုပ်ငန်း အကောင် အထည် ဖော် ခြင်း နှင့် ရေ ရှည် လည်ပတ်ရန် စနစ် တစ်ခု တည်ထောင် ရေး<br>• မဟာဓာတ်အားလိုင်း မှ ကျေးရွာမီးလင်းရေး အကောင်အထည် ဖော်ရန်။ |